ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ တနင်္လာနေ့၊ (30-1-2012) (၇၀၂၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း

စင်ကာပူသမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. William Chit နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

ငါးနှစ်အတွင်း မိုဘိုင်းဖုန်းတပ်ဆင်ခနှုန်းများ အဆင့်ဆင့်လျှော့ချနိုင်ရန် ဆောင်ရွက်နေ ကျပ် ၅၀၀၀ တန် ဖုန်းကိစ္စ လောလောဆယ်တွင် ဖြစ်နိုင်ခြေမရှိသေး
ပြည်တွင်းသတင်း စာမျက်နှာ - ၃

ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စာချုပ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပေးကြေညာ သစ်တောဦးစီးဌာနသို့ ဆက်သွယ်အကြံဉာဏ်ရယူနိုင်
ပြည်တွင်းသတင်း စာမျက်နှာ - ၉

ပါလက်စတိုင်းတို့ အိုးအိမ်များဖျက်ဆီးခြင်းကို ရပ်ဆိုင်းရန် အစ္စရေးအား ကုလသမဂ္ဂတောင်းဆို အိုးအိမ်များကိုဖျက်ဆီးခြင်းနှင့် လက်ရှိမူဝါဒတို့သည် လူသားများကို အတိဒုက္ခရောက်စေ
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ကြေးမုံစာတည်းရှုထောင့် ၃၀-၁-၂၀၁၂[တနင်္လာနေ့]။

တိတိကျကျ မှန်မှန်ကန်ကန်ပေး

လူသုံးကုန်ပစ္စည်းထုတ်လုပ်သောစက်ရုံသည် ကုန်ကြမ်းအမျိုးမျိုးကို လူသုံးကုန်ဖြစ်အောင် အချောကိုင် စိစစ်ထုတ်လုပ်ရသကဲ့သို့ နားဖြင့်ကြား၊ မျက်စိဖြင့် မြင်ခဲ့ရသော သတင်းကုန်ကြမ်းများကို လူတိုင်းအလွယ်တကူ ဖတ်ရှုနားလည်အောင်၊ လူတိုင်းအမှန်သိရှိနိုင်အောင် အချောကိုင် စိစစ်ရေးသားရသောအလုပ်ကို သတင်းရေးသားနည်းအလုပ်ဟု ဝါရင့်သတင်းစာဆရာကြီးတစ်ဦးက ဆိုထား၏။

သတင်းရေးသားရာတွင် အလွယ်ဆုံးစကားလုံးသုံး၍ အတိုဆုံးဝါကျဖြင့် စာဖတ်သူ တိတိကျကျ အလွယ်တကူနားလည်အောင် တဲ့တိုးရေးသားရသည်။ စာဖတ်သူသည် ယနေ့ပါသောသတင်းကို ချက်ချင်းသိချင်သည်။ နောက်နေ့မှ မသိလို၊ သွားရင်းလာရင်း သင့်ရာနေရာတွင် ဖတ်ခြင်းစသည်ဖြင့် အချိန်လုဖတ်ရသည်ကများသည်။ ထို့ကြောင့် ရသမျှအချိန်တွင် မြန်မြန်နှင့်လွယ်လွယ်ကူကူ တိတိကျကျနှင့် မှန်မှန်ကန်ကန် အများနားလည်နိုင်သောစကားလုံးများကို သုံး၍ လွယ်ကူစွာမြင်နိုင်အောင် ပုံဖော်ရေးသားရသည်ဟု ဆိုထားသည်။

နိုင်ငံအတွင်းရှိ လူတန်းစားအမျိုးမျိုးရှိသည့်အနက် ပညာတတ်လူတန်းစားနှင့် ပညာနည်းလူတန်းစား၊ စာဖတ်သူလူတန်းစားနှင့် စာမဖတ်သူလူတန်းစား၊ မည်သည့်အတန်းအစားက နည်းသည်၊ များသည်ကို ချိန်ထိုးကြည့်လျှင် သိနိုင်မည်ဖြစ်သည်။ စာမဖတ်သူက စာဖတ်သူမှတစ်ဆင့် တစ်ဆင့်စကားကြားရသည်။ မှန်သောအသိကိုရနိုင်ရန် တိကျသောသတင်းကို ပေးရသည်။ သို့မှ နိုင်ငံအတွင်း မှန်ကန်သည့်အသိအမြင် ဗဟုသုတများသောလူတန်းစားများမည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှုန်းများမည်။ အားနည်းသောလူတန်းစားများအတွက် ပိုမိုအထောက်အကူပြုမည်။

ထို့ကြောင့် လူတန်းစားအများစုရော၊ လူတန်းစားအနည်းစုရော နားလည်လက်ခံအောင် ကျွန်ုပ်တို့ ကြိုးပမ်းကြရသည်။ လူအများသိမြင်နားလည်လက်ခံပြီးသော အကြောင်းအရာကိစ္စကို ပြောင်းလဲပစ်ရန်မှာ ပို၍ခက်လှသည်။ သို့သော် အမှားကို အမှန်ဖြစ်ရန်မှာ အချိန်ယူ၍ ကုစားရမည်ဖြစ်သည်။ အမှားကွယ်ပျောက်ရန်အတွက် အမှန်ကို ပေးရမည်။ ပြည်သူကို အသိပညာပေးရန်အတွက် အများထိတွေ့ဆက်ဆံရသောအရာသည် သူ၏ပတ်ဝန်းကျင်နှင့် မီဒီယာများပင်ဖြစ်သည်။

ယနေ့မီဒီယာခေတ်သည် လျင်မြန်စွာပြောင်းလဲတိုးတက်လျက်ရှိရာ ပြည်သူကိုအသိပေးရာ၌ အများပြည်သူအကျိုးဖြစ်မည့် တင်ပြမှုပုံစံများဖြင့် ရေးသားတင်ပြကြရမည်သာ ဖြစ်သည်။ လူ၏သဘာဝသည် မိမိနှင့် မိမိဝန်းကျင်မှ အကြောင်းအရာများကို ပိုမိုစိတ်ဝင်စားတတ်သည်ဖြစ်ရာ လူမှုဝန်းကျင်ကို အခြေခံ၍ အကျိုးစီးပွားဖြစ်ထွန်းရေးကို အသိပေးကြရာ၌ မှန်ကန်သောအသိကို ပေးနိုင်ကြဖို့လိုမည်ဖြစ်သည်။

လူအများ နားလည်လက်ခံအောင် ဆောင်ရွက်ကြရာ၌ ထိထိမိမိ ရှင်းရှင်းလွယ်လွယ်ကူကူ တိတိကျကျ တင်ပြကြရသည်ဖြစ်သလို အတ္တနောမတိဖြင့် ထင်မိထင်ရာ၊ မြင်မိမြင်ရာတို့ကိုလည်း အသိမပေးမိဖို့လိုသည်။ ရှင်းရှင်းလင်းလင်း တိတိကျကျ တင်ပြခြင်းသည် လွယ်လွယ်ကူကူနားလည်နိုင်ပြီး ထင်မိထင်ရာတင်ပြခြင်းသည် တွေဝေသွားစေနိုင်ပေရာ သံသယဖြင့် အမှန်ဘဝကို ရနိုင်မည်မဟုတ်ချေ။

အချုပ်အားဖြင့် အသိပညာယူသူသည် ပိုလျှံသည့်အချိန်တွင် အချိန်လု၍ယူကြရသဖြင့် အသိပညာပေးသူတို့က အများစုနားလည်လက်ခံနိုင်သော၊ အများစုသိလွယ်သော အကြောင်းရပ်များ၊ အများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ထိထိမိမိ တိတိကျကျ ရှင်းရှင်းလင်းလင်းဖြင့် အများပြည်သူ အလွယ်တကူ နားလည်လက်ခံလာအောင် ဝိုင်းဝန်းဖော်ဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ကျောင်းသား ကျောင်းသူ လက်ရွေးစင်အားကစားအဖွဲ့ ဂုဏ်ပြုညစာစားပွဲကျင်းပ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၉

အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျောင်းသား ကျောင်းသူ လက်ရွေးစင်အားကစားအဖွဲ့ ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညနေ ၅ နာရီခွဲတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားရာ၌ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးကို အစွမ်းကုန်ကြိုးစားတည်ဆောက်နေချိန်တွင် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အစွမ်းကုန်ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တိုင်းဒေသကြီး/ပြည်နယ်အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခဲ့သည့် အားကစားနည်း ၁၅ မျိုးအနက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အားကစားနည်း ၁၃ မျိုးတွင် ရွှေတံဆိပ်ဆုများရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ၅၈ ဆု၊ ငွေတံဆိပ် ၂၈ ဆု၊ ကြေးတံဆိပ် ၂၀ ရရှိကာ တိုင်းဒေသကြီး၏ ဂုဏ်ကို ထည်ထည်ဝါဝါ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စား အောင်မြင်မှုရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အုပ်ချုပ်၊ နည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မှတ်တမ်းတင်ရှိပါကြောင်း၊ နောင်လာမည့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများတွင်လည်း ယခုထက်အောင်မြင်မှုများ ပိုမိုရရှိအောင် စွမ်းစွမ်းတမံကြိုးစားပြီး တိုင်းဒေသကြီး၏ ဂုဏ်ကို ဆက်လက်မြှင့်တင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ကျောင်းသား ကျောင်းသူ လက်ရွေးစင် အားကစားအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ခြောက်သိန်းကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်ထံလည်းကောင်း၊ ညစာစားပွဲတွင် သီဆိုဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းကို ရန်ကုန်မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးမြင့်စိန်ထံလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး အောင်ပွဲရ လက်ရွေးစင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ကျင်းပသော ဆူးလေစေတီတော် ရာပြည့် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျောင်းသား ကျောင်းသူ လက်ရွေးစင်အားကစားအဖွဲ့ ဂုဏ်ပြုညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၁-၂၀၁၂ (တနင်္လာနေ့)

၈း၁၅	၁။ ပညာပေးဇာတ်လမ်းတို
၄း၁၅	၂။ စိုက်ပျိုးသုတ
၄း၂၅	၃။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၄။ လျှပ်တစ်ပြက်
၄း၅၀	၅။ ဗွီစီဒီကျော်ကြားတေး
၅း၀၀	၆။ သတိနှင့်တိုးမည့်ဖလံပိုးများ
၅း၀၅	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၇၅)**
၆း၂၀	၉။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၅၂)(ဇာတ်သိမ်း)**
	၁၁။ Talk of The Town
	၁၂။ မေးမြန်းစူးစမ်း
	၁၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၅)**
	၁၅။ Mini Series

သတိပေးနှိုးဆော်ချက်

ပြည်ပမှတင်သွင်းထုတ်ယူလာသည့် မော်တော်ယာဉ်များအား နံပါတ်မရမီကာလအတွင်း နေအိမ်မှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သွားသည့်လမ်းကြောင်းတွင်သာ အသုံးပြုမောင်းနှင်ရန် နှိုးဆော်ချက်ထုတ်ပြန်ထားသော်လည်း အချို့ယာဉ်ပိုင်ရှင်များသည် သတ်မှတ်ရက်အတွင်း နံပါတ်ရအောင်မလုပ်ခြင်း၊ လမ်းကြောင်းမဟုတ်သောနေရာများ (စျေး၊ ကျောင်း၊ စားသောက်ဆိုင်) များသို့ မောင်းနှင်နေခြင်း၊ သတ်မှတ်ရုံးချိန်တွင် မောင်းနှင်ခြင်းမပြုဘဲ အချိန်လွန်မှ မောင်းနေခြင်းများကိုတွေ့ရှိရပါသည်။ ထိုသို့သော နံပါတ်မပါယာဉ်များ သွားလာခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားခြင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်အခါ အရေးယူရန်ခက်ခဲခြင်းများရှိပါသည်။ အဆိုပါ နံပါတ်မပါယာဉ်များကို သတ်မှတ်လမ်းကြောင်း၊ သတ်မှတ်ချိန်မဟုတ်ဘဲ မောင်းနှင်ကြောင်းတွေ့ရှိပါက ၁-၂-၂၀၁၂ ရက်နေ့မှစ၍ မော်တော်ယာဉ်ဥပဒေအရဒဏ်ငွေနှင့်စီမံခန့်ခွဲမှုဒဏ်ငွေ ၅၁၅၀၀ ကျပ် ပေးဆောင်ရမည့်အပြင် ယာဉ်မောင်းသူအား ယာဉ်မောင်းလိုင်စင် (၆)လပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၀၄၀၀	၀. ၀၃၂၂၂
တရုတ် (ယွမ်)	၆. ၃၃၃၀၀	၀. ၁၅၇၉၀
အိန္ဒိယ (ရူပီး)	၄၉. ၂၂၅၀	၀. ၀၂၀၃၁
မလေးရှား (ရင်းဂစ်)	၃. ၀၄၁၀၀	၀. ၃၂၈၈၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၁၁၀	၀. ၇၉၉၃၀
ဂျပန် (ယန်း)	၇၆. ၆၉၀၀	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၁၂၀. ၀၀	၀. ၀၀၀၈၉
ယူရို	၀. ၇၅၆၄၃	၁. ၃၂၂၀၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၅၅၉	၁. ၅၇၃၃၅

အင်တာနက်။

အလှူမင်္ဂလာပွဲများအတွက် ဆိုင်းဝိုင်းများ ကြိုတင်ပြင်ဆင်

ရေတာရှည် ဇန်နဝါရီ ၂၉

ကျေးလက်ရိုးရာဓလေ့ အလှူတော်မင်္ဂလာပွဲများ ကျင်းပလေ့ရှိသည့် တပေါင်းလကို ရောက်ရှိတော့မည်ဖြစ်ရာ နယ်မြို့အသီးသီးရှိ ဆိုင်းအဖွဲ့အသီးသီးမှာ ယခုကတည်းက အဖွဲ့လိုက်ပြင်ဆင်လျက်ရှိပြီဖြစ်သည်။ ရှေးနန်းစဉ်အဆက်ဆက်က ပေါ်ထွန်းလာခဲ့သည့် မြန်မာ့အနုပညာရိုးရာသဘင်ပညာတို့ကို အဆင့်ဆင့်လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်မှာ ယနေ့ထိတိုင်အောင်ပင်ဖြစ်သည်။ ရှင်ပြုနားသအလှူမင်္ဂလာပွဲများကို တပေါင်းလ၊ တန်ခူးလတို့တွင် အဓိက ကျင်းပလေ့ရှိပြီး အရပ်ဒေသနယ်ပယ်အစုံ၌ ဆိုင်းသံ၊ ပြောစည်သံများ အဆက်မပြတ် ကြားရလေ့ရှိသည်။ ဆိုင်းအဖွဲ့တစ်ခုမှ ဆိုင်းအုံအခင်းအကျင်းပေါ်မူတည်၍ လူအင်အား ၂၀ ကျော်မှ ၃၀ ကျော်အထိ ပါဝင်ကြသည်။ ဆိုင်းဝိုင်းတီး၊ လက်ထောက်ပတ်ဝိုင်းတီး၊ ပတ်မတီး၊ ကြေးတီး၊ မောင်းတီး၊ စည်းဝါး၊ နှဲဆရာ၊ ပြောစည်၊ စည်တို၊ မီးအလှဆင်၊ စက်အဖွဲ့၊ လူရွှင်တော်၊ တေးသံရှင်များ အစရှိသဖြင့် ကဏ္ဍစုံလင်လှသည်။

ဂုဏ်ဒြပ်မြင့်မားပြီး အစဉ်အလာအားဖြင့်ကြီးမားသည့် မြန်မာ့ရိုးရာဆိုင်းပညာကို မျိုးဆက်သစ်တို့အနေဖြင့် လက်ဆင့်ကမ်း သယ်ဆောင်သွားကြခြင်းအားဖြင့် ကျေးလက်တစ်ခွင်မှာ ဆိုင်းသံ၊ ဗုံသံများ ဝေဆာနေဦးမည်ဖြစ်သည်။

(ကိုလွင်-ဆွာ)

မူးယစ်ဆေးဝါးအလွဲသုံးမှုအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ ရက်က အထက(၁) အနော်ရထာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်တင်မောင်အေးက လူငယ် လူရွယ် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအလွဲသုံးမှုအန္တရာယ် ဖြစ်စဉ်များနှင့် အန္တရာယ်ဆိုးကျိုးများကိုလည်းကောင်း၊ အရှေ့ပိုင်း မူးယစ်အထူးအဖွဲ့မှ ဒုတိယရဲအုပ်နေလင်းထွန်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အန္တရာယ်ဆိုးကျိုးများကိုလည်းကောင်း ရှင်းလင်းဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်(၁) ဒေါ်ခင်သီတာဆိုင်၊ မြို့နယ်တရားသူကြီး ဒေါ်နိုင်နိုင်အောင်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်သူဇာမောင်တို့က အသီးသီး ပညာပေးဟောပြောကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ငါးနှစ်အတွင်း မိုဘိုင်းဖုန်းတပ်ဆင်ခန့်မှန်းများ အဆင့်ဆင့်လျှော့ချနိုင်ရန် ဆောင်ရွက်နေ

ကျပ် ၅၀၀၀ တန် ဖုန်းကိစ္စ လောလောဆယ်တွင် ဖြစ်နိုင်ခြေမရှိသေး

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နှစ်သိန်းခွဲ၊ သုံးသိန်းတန် မိုဘိုင်းဖုန်းများ ပေးတော့မည်ဆိုသည့် သတင်းကို ငွေကျပ် ၅၀၀၀ တန် SIM CARD ရောင်းမည်ဟူသည့်သတင်းက လွှမ်းမိုးသွားသည်။ ဖုန်းပြောခမှာလည်း မြို့တွင်း ၂၅ ကျပ်၊ နယ်ဝေး ၃၀ ကျပ်ဟု ဆိုထားသဖြင့် လူတိုင်း ဤသတင်းကို စိတ်ဝင်စားကြသည်။ တစ်ဖက်တွင်လည်း ကျပ် ၅၀၀၀ တန် SIM CARD ရောင်းမည့် သတင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖြစ်နိုင်ခြေမရှိသည့် သတင်းဟုလည်း ဆိုထားပြန်သည်။

ကျပ် ၅၀၀၀ တန် SIM CARD စတင်ထည့်၍ လက်ကိုင်ဖုန်း အသုံးပြုလိုသူမှာ လူတိုင်းဖြစ်သည်။ ဆိုက်ကားဆရာလည်း စိတ်ဝင်စားသည်။ ဈေးသည်လည်း စိတ်ဝင်စားသည်။ ဝင်ငွေနည်းဝန်ထမ်းလည်း စိတ်ဝင်စားသည်။ ငွေကျပ် ၁၅ သိန်းတန်၊ ငါးသိန်းတန်ဖုန်းများကို အနားမသီနိုင်ခဲ့သူများ ပိုစိတ်ဝင်စားမည်ဆိုလျှင် လွန်မည်မထင်။

ယနေ့ ဇန်နဝါရီ ၂၉ ရက် နံနက်တွင် ပုဇွန်တောင်မြို့နယ်ရှိ ဆက်သွယ်ရေးသင်တန်းကျောင်း၌ ငွေကျပ် ၅၀၀၀ တန် SIM CARD ရှင်းလင်းပွဲရှိမည်ဟု သိရသဖြင့် အဆိုပါသင်တန်းကျောင်းသို့ ရောက်ခဲ့သည်။ နံနက် ၉ နာရီခွဲခန့်တွင် ကျင်းပသည့်အခမ်းအနားသို့ SIM CARD ရောင်းမည့် ရွှေပြည်တံခွန် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာချုပ်များ၊ စာနယ်ဇင်းသမားများ သင်တန်းခန်းမအပြည့်နီးပါး တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေပြည်တံခွန်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးလွင်နိုင်ဦးက ငွေကျပ် ၅၀၀၀ တန် SIM CARD ရောင်းမည့်ကိစ္စ၊ လူတိုင်းဈေးနှုန်းသက်သာစွာဖြင့် မိုဘိုင်းဖုန်းသုံးနိုင်ရန် စီစဉ်ထားသည့်ကိစ္စကို စိတ်အားထက်သန်စွာ ရှင်းပြသည်။ “ကျွန်တော် စင်ကာပူတို့ မလေးရှားတို့ရောက်တော့ သူတို့နိုင်ငံတွေမှာ မိုဘိုင်းဖုန်းဈေး သက်သာတာတွေ့ရတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်သူတွေကိုလည်း မိုဘိုင်းဖုန်းဈေးနှုန်း အသက်သာဆုံးနဲ့သုံးစေချင်လို့ ဒီလုပ်ငန်းကို အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်။ ဈေးအနည်းဆုံးနဲ့ ရောင်းနိုင်အောင်၊ လူတိုင်း Hand ဖုန်းသုံးနိုင်အောင် ကြိုးစားတာပါ။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ပထမဆုံး ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာ စတင်အကောင်အထည်ဖော်သွားမှာပါ။ ပြီးရင် ငါးနှစ်အတွင်း တစ်နိုင်ငံလုံး အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမှာပါ”ဟု ရှင်းပြသည်။

ဦးလွင်နိုင်ဦး၏ ရှင်းပြချက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပညာရှင်များကလည်း ပညာရပ်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြရာ အခမ်းအနားမှာ အပြန်အလှန် အမေးအဖြေများဖြင့် သက်ဝင်လျက်ရှိသည်။

ဦးလွင်နိုင်ဦးက “ကျွန်တော်တို့က အချိန်တိုကာလအတွင်း တယ်လီဖုန်းပြောဆိုနိုင်အောင် လုပ်သွားမှာပါ။ ဆောင်ရွက်မယ့် အစီအစဉ်တွေနဲ့ ပတ်သက်လို့ မနက်ဖြန် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲမှာ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမမှာ ရှင်းလင်းပြောကြားသွားပါ့မယ်။ အားလုံးကို ဖိတ်ခေါ်ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်လှက “နိုင်ငံတော်ရဲ့ ဒေသအသီးသီး အစွန်အဖျားဒေသများပါမကျန် ဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးဆိုတာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ရည်ရွယ်ချက်တွေပါပဲ။ မတူတာတွေကို ဘေးဖယ်ထားပြီး တူတာတွေကို ပေါင်းစပ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်”ဟု ပြောကြားချက်မှာလည်း စိတ်ဝင်စားစရာ၊ ကျေးဇူးတင်စရာကောင်းလှသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူများအတွက် အဆင်ပြေချောမွေ့သော ဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်နှင့်အညီ ပြည်သူလူထု ကောင်းမွန်သက်သာစွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် ကနဦးတပ်ဆင်ခန့်မှန်းထားများကို အဆင့်လိုက်လျှော့ချပေးခဲ့ရာ ယခင်မိုဘိုင်းတယ်လီဖုန်း တစ်လုံးလျှင် ငွေကျပ် ၁၅ သိန်းမှ ငါးသိန်းသို့ လည်းကောင်း၊ အော်တိုတယ်လီဖုန်း တပ်ဆင်ခများကို ယခင်တပ်ဆင်ခ ငွေကျပ် ၁၀ သိန်းမှ အရစ်ကျပေးသွင်းသည့် စနစ်သို့ ပြောင်းလဲဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရပေသည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မိုဘိုင်းတယ်လီဖုန်းများကို သက်သာသည့်နှုန်းဖြင့် မြို့ရွာ/ကျေးလက်ပါမကျန် သုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိရာ GSM / UMITS တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းကို ပြည်တွင်းကုမ္ပဏီ ၂၃ ခုနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလ ငါးနှစ်အတွင်း မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ခန့်မှန်းထားများကို ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ အဆင့်ဆင့် လျှော့ချသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းတယ်လီဖုန်းတစ်လုံး ပြောဆိုဆက်သွယ်နိုင်ရေးအတွက် လုပ်ငန်းပိုင်းများအနေဖြင့် မြေနေရာရှာဖွေသတ်မှတ်၍ ရေဒီယိုစခန်းများ တည်ဆောက်ရခြင်း၊ စက်ပစ္စည်းများ လုံလောက်စွာ တပ်ဆင်ရခြင်း၊ မြို့တွင်းဆက်သွယ်မှု တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်မှုနှင့် ပင်မကျောရိုးဆက်သွယ်မှုတို့အတွက် ဆက်သွယ်ရေးဆက်ကြောင်းကြီးများ အချိန်ယူတည်ဆောက်ရမည်ဖြစ်သည်။ ဆက်သွယ်မှုကွန်ရက်ကို စနစ်တကျတည်ဆောက်ရေးအတွက် အချိန်များစွာ လိုအပ်မည်ဖြစ်ရာ ကာလတိုတစ်ခုအတွင်း ငွေကျပ် ၅၀၀၀ တန် ဖုန်းကိစ္စမှာ လောလောဆယ်ဖြစ်နိုင်ခြေမရှိနိုင်သေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားကို ဖြတ်သန်း၍ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ လွယ်ကူစွာ သွားလာနိုင်

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးရာကိစ္စများ လွယ်ကူစွာ ဆက်သွယ်ပြုလုပ်နိုင်ရန် နယ်စပ်ဂိတ်များမှ ယာယီဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ပေးလျက်ရှိသည်။ အဆိုပါ ယာယီဖြတ်သန်းခွင့်လက်မှတ်ကို ချစ်ကြည်ရေးတံတားထိပ် သတ်မှတ်ကောင်တာတွင်ပင် လွယ်ကူစွာ ပြုလုပ်နိုင်သည်။ တစ်ဖက်နိုင်ငံသို့ သွားရောက်ဖူးသူအတွက် ငွေကျပ် ၁၀၀၀ ကုန်ကျမည်ဖြစ်ပြီး သွားရောက်ဖူးခြင်း မရှိသူများအတွက် ငွေကျပ် ၂၀၀၀ ကုန်ကျမည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ် မူရင်းပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ယာယီဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ပြီးသည်နှင့် တစ်ဖက်နိုင်ငံသို့ တံတားကိုဖြတ်ကာ ခြေကျင်သွားနိုင်သကဲ့သို့ ဘတ် ၅၀ ဖြင့် ထိုင်းနိုင်ငံ မဲဆောက် ဟိုလုံဈေးအရောက်ပို့ဆောင်ပေးသည့် ယာဉ်ငယ်များဖြင့်လည်း သွားရောက်နိုင်သည်။ ထိုင်းနိုင်ငံအဝင် ချစ်ကြည်ရေးတံတားအဆင်းတွင် ဘတ် ၂၀ ပေးကာ ပြည်ဝင်ခွင့် တံဆိပ်တုံးထုရသည်။ ထိုင်းနိုင်ငံအတွင်း ယာယီဖြတ်သန်းခွင့်လက်မှတ်ဖြင့် သွားရောက်လည်ပတ်နိုင်သည်ဆိုသော်လည်း မဲဆောက်မြို့ဝန်းကျင်အတွက်သာ အဆိုပါလက်မှတ်မှာ အကျုံးဝင်ကြောင်း သိရသည်။ ယာယီဖြတ်သန်းခွင့် လက်မှတ်မပါရှိဘဲ ထိုင်းနိုင်ငံအတွင်း၌ ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးမိပါက ဘတ် ၁၀၀ အခွန်ဆောင်ရကြောင်း သိရသည်။

ချစ်ကြည်ရေးတံတားမှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်းသာ ဖွင့်လှစ်သည့်အတွက် ထိုင်းနိုင်ငံဘက်၌ နံနက် ၆ နာရီကျော်မှ ညနေ ၆ နာရီမထိုးခင်အထိ ဈေးပဲဝယ်ဝယ်၊ အလည်ပဲပတ်ပတ် လုံလောက်သော အချိန်အတိုင်းအတာတစ်ခုပင် ဖြစ်သည်။ “ဒီဘက်ကမ်းလာပြီး တစ်ပတ် တစ်ခေါက် ဈေးလာဝယ်ဖြစ်တယ်၊ ရန်ကုန်မှာ ပြန်ရောင်းတာပါ၊ ပစ္စည်းလဲကောင်းတယ်၊ ဈေးလဲသက်သာတယ်လေ၊ တချို့ပစ္စည်းဆိုရင် ရန်ကုန်မှာ ခေါက်ချိုးလောက်မြတ်တယ်၊ အခုတံတားပြန်ဖွင့်လိုက်တော့ ပိုပြီးသက်သောင့်သက်သာရှိတာပေါ့၊ မဟုတ်ရင် သောင်ရင်းမြစ်ကို လှေနဲ့ဖြတ်ပြီး ကုန်ကူးရတာလေ”ဟု ကုန်သည်တစ်ဦး၏ ချစ်ကြည်ရေးတံတားကို အသုံးပြု၍ အဆင်ပြေနေပုံကို ပြောပြသည်။

ဧယျာ(မိုင်ရာ)

ဘတ် ၅၀ ဖြင့် မြန်မာနိုင်ငံ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တို့သို့ ပြေးဆွဲလျက်ရှိသည့် ယာဉ်ငယ်များနှင့် ထိုင်းနိုင်ငံအဝင် နယ်စပ်ဂိတ်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၁၂ (တနင်္လာနေ့)

[၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၈:၀၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၄။ ချစ်စရာ့အရွယ်ကကြီးသွယ်
- ၈:၄၀ ၅။ International News
- ၈:၄၅ ၆။ “အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ

ညပိုင်း

- ၄:၄၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၂၅ ၂။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၃၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ဓာတုဗေဒ အထူးပြု)(ဓာတုဗေဒ)
- ၅:၁၅ ၄။ မြန်မာစာ၊ မြန်မာစကား
- ၆:၁၅ ၅။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ကြမ္မာ” (ဒုတိယတွဲ) (အပိုင်း-၃၈) (ဇာတ်သိမ်းပိုင်း)
- ၇:၅၀ ၈။ “စိုက်ပျိုးရေးအားမာန် ကညင်ရေလှောင်တမံ”
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
  - ၁၀။ နိုင်ငံတကာသတင်းများ
  - ၁၁။ မိုးလေဝသအခြေအနေ
  - ၁၂။ ကမ္ဘာကျော် သရုပ်ဆောင်များ
  - ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ “မွေးစားသား”(အပိုင်း-၂၁)
  - ၁၄။ အိန္ဒိယရုပ်ရှင် “ဥယျာဉ်မှူးရဲ့ ပန်းပျိုးလက်” (အပိုင်း-၁)

✻ ပြည်ထောင်စုအဆင့်မှ

စဝ်ခွန်ဆိုင်၊ စဝ်ခေးမောဝ်၊ စဝ်ကျော်လှ၊ အဖွဲ့ဝင်များဖြစ်သော စဝ်ထင်မိန်း၊ စဝ်ဆေပိန်ဖတို့သည် ပြည်နယ်အဆင့် ပဏာမတွေ့ဆုံဆွေးနွေးပွဲတွင် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြပြီး သဘောတူညီချက်(၅) ချက်ကို ရှမ်းပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ ခေါင်းဆောင်သော အဖွဲ့ဝင်(၅)ဦးနှင့် ရှမ်းပြည်နယ် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဗဟိုကော်မတီဝင် စဝ်ခွန်ဆိုင် ခေါင်းဆောင်သော အဖွဲ့ဝင်(၅)ဦးတို့က လက်မှတ်ရေးထိုးကြပြီး နှစ်ဖက်ခေါင်းဆောင်များ အပြန်အလှန်လဲလှယ်ကြသည်။

ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်(၅)ချက်မှာ-

(၁) တပ်မတော်နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်တို့အကြား အပစ်အခတ် ရပ်စဲရန် သဘောတူသည်။

(၂) ရှမ်းပြည်နယ်တိုးတက်ရေးပါတီ / ရှမ်းပြည်တပ်မတော်တပ်ဖွဲ့များကို ဝမ်ဟိုင်းတွင် အခြေပြု၍ လက်ရှိဖြန့်ခွဲထားသော နေရာများ၌ ယာယီအခြေပြုနေထိုင်ရန် သဘောတူသည်။

(၃) နှစ်ဖက်အပြန်အလှန် ပြောဆိုဆက်ဆံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် တောင်ကြီး၊ လားရှိုး၊ ခိုလန်နေရာများတွင် နှစ်ဖက်သဘောတူညီသော ပုဂ္ဂိုလ်များဖြင့် ဆက်ဆံရေးဌာန၊ စခန်းများကို ထူထောင်မည်။ ထပ်မံ၍ လိုအပ်သောနေရာများတွင် ဆက်လက်ဖွင့်လှစ်သွားရန် ညှိနှိုင်းဆွေးနွေးသွားမည်။

(၄) နှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန်လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဖက်ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်မည်။

(၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP)မှ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် နှစ်ဖက်သဘောတူညီသောနေရာ၊ သဘောတူညီသော အချိန်ကာလတွင် တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့ဝင်များ အခြေချနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်ဆွေးနွေးရန် သဘောတူသည်ဟူ၍ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သော အဖွဲ့ဝင်(၆)ဦးနှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် စဝ်ခေးတိုင်းခေါင်းဆောင်သော အဖွဲ့ဝင်(၆)ဦးတို့သည် သဘောတူညီချက် (၅)ချက်ကို လက်မှတ်ရေးထိုးပြီး အဖွဲ့ခေါင်းဆောင်များ အပြန်အလှန်လဲလှယ်ကြသည်။

ပြည်ထောင်စုအဆင့် သဘောတူညီချက်(၅)ချက်မှာ-

(၁) ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့က တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြသော ငြိမ်းချမ်းရေးတည်ဆောက်ရန် ပဏာမ သဘောတူညီချက်ကို အတည်ပြုရန် သဘောတူသည်။

(၂) ပင်လုံစိတ်ဓာတ်ကို အခြေခံ၍ ပြည်ထောင်စုမပြိုကွဲအောင် ပူးပေါင်းတည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင် ပူးပေါင်းတည်ဆောက်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ပူးပေါင်းတည်ဆောက်ရေးတို့ကို ထာဝစဉ်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူသည်။

(၃) နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP) မှ အဖွဲ့ဝင်များနှင့် မိသားစုများ အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ အစိုးရနှင့် ပူးပေါင်းပြီးဆောင်ရွက်သွားရန် သဘောတူသည်။

(၄) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ ကင်းစင်ပပျောက်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူသည်။

(၅) ဆက်လက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရန် ဟူ၍ ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတကြီးမှ ပေးအပ်လိုက်သော ဆန်အိတ် ၅၀၀၊ Solar Lamp ၅၀၊ Sky Net ရုပ်သံဖမ်းစက်အစုံ ၂၀ တို့ကို အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ပေးအပ်ကြရာ ရှမ်းပြည်နယ်တိုးတက်ရေးပါတီ / ရှမ်းပြည်တပ်မတော်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် စဝ်ခေးတိုင်း၊ စဝ်ခွန်ဆိုင်နှင့် အဖွဲ့ဝင်များက လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပေါင်းတည်မြို့ ကရုဏာရှင် ကူညီမှုအသင်း တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၉

ပေါင်းတည်မြို့ ကရုဏာရှင် ကူညီမှုအသင်း၏ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က အထက(ပညာရတနာခန်းမ)၌ ကျင်းပသည်။

အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးတို့က ပညာရေးပဒေသာပင် စတင်ထူထောင်ပြီး အလှူရှင်များထံမှ ပဒေသာပင်အတွက် ငွေကျပ် သိန်း ၂၅၀ ခန့်အား စုပေါင်းလှူဒါန်းကြသည်။

၂၀၁၁ ခုနှစ်တွင် သူနာပြုတက္ကသိုလ် ဒုတိယနှစ် တက်ရောက်နေသူ မစိုးမြတ်နွယ်အား လစဉ် ငွေကျပ် ၇၅၀၀၀၊ ဆေးတက္ကသိုလ် တက်ရောက်ခွင့်ရရှိသူ မဝင့်ဝါအား လစဉ် ငွေကျပ် တစ်သိန်း၊ ရတနာပုံဆိုက်ဘာစီးတီး တက်ရောက်ခွင့်ရရှိသူ မယဉ်ငြိမ်းကျော်နှင့် ပညာရေးတက္ကသိုလ် တက်ရောက်ခွင့်ရရှိသူ မအေးပြည့်ချမ်းသာတို့အား လစဉ် ငွေကျပ် ငါးသောင်းစီ ဘွဲ့ရသည်အထိ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

(ကြေးမုံ)

ပါလက်စတိုင်းတို့ အိုးအိမ်များ ဖျက်ဆီးခြင်းကို ရပ်ဆိုင်းရန် အစ္စရေးအား ကုလသမဂ္ဂ တောင်းဆို

ဂျေရုဆလင် ဇန်နဝါရီ ၂၉

၂၀၁၁ခုနှစ်အတွင်း၌ ပါလက်စတိုင်းတို့၏ အိုးအိမ်များကို ဖြိုဖျက်မှု သိသာစွာမြင့်တက်လာသည့် အစီရင်ခံစာ ပေါ်ထွက်လာပြီးသည့်နောက် အနောက်ဘက်ကမ်းမှ ပါလက်စတိုင်းတို့၏ အိမ်ရာများကို ဖျက်ဆီးခြင်းအား ချက်ချင်းရပ်ဆိုင်းရန် အစ္စရေးနိုင်ငံကို ကုလသမဂ္ဂက တောင်းဆိုလိုက်သည်။

လူသားရေးရာညှိနှိုင်းရေး ကုလသမဂ္ဂရုံး၏ အစီရင်ခံစာအရ ၂၀၁၁ ခုနှစ်တွင် အနောက်ဘက်ကမ်း၌ ပါလက်စတိုင်းတို့၏လူနေအိမ် ၆၂၂ လုံးကို အစ္စရေးတပ်ဖွဲ့များ ဖြိုချဖျက်ဆီး၍ လူဦးရေ ၁၁၀၀ ကို ဖယ်ရှားခဲ့ရာ ၎င်းတို့၏ထက်ဝက်မှာ ကလေးများ ဖြစ်ကြသည်။

အိုးအိမ်များကို ဖျက်ဆီးခြင်းနှင့် လက်ရှိမူဝါဒတို့သည် လူသားများကို အတိဒုက္ခရောက်စေသည့်အတွက် ယင်းသို့ လုပ်ဆောင်ခြင်းကို ရပ်ဆိုင်းရမည်ဟု အသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေအတွက် ကုလသမဂ္ဂ လူသားရေးရာ ညှိနှိုင်းရေးမှူး မက်(စ်)ဝဲလ်ဂေးလတ်က သောကြာနေ့နှောင်းပိုင်းတွင် ပြောကြားခဲ့သည်။

သိမ်းပိုက်ထားသော နယ်မြေများတွင် အစ္စရေးတို့က အခြေချနေထိုင်လာကြသဖြင့် အစ္စရေးတို့နှင့် တိုက်ရိုက် ဆွေးနွေးရေး စားပွဲဝိုင်းသို့ပြန်လာရန် ပါလက်စတိုင်းတို့က ငြင်းဆိုကြသည်။

လာမည့်ရက်သတ္တပတ်အတွင်း ဂျေရုဆလင်နှင့် ရာမာလက်ချ်သို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း သွားရောက်မည့်ခရီးစဉ်မတိုင်မီ အဆိုပါအစီရင်ခံစာ ပေါ်ထွက်လာခြင်းဖြစ်သည်။ **အင်တာနက်။**

နေအိမ်ဖျက်ဆီးခြင်းခံရသည့် ပါလက်စတိုင်း မြေးအဘိုးနှစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားတွင် လေဆင်နှာမောင်းတိုက်ခတ် လူ ၁၄ ဦးသေဆုံး၊ ၆၀ ဒဏ်ရာရ

ဂျကာတာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ အင်အားအတော်အသင့်ပြင်းထန်သော လေဆင်နှာမောင်း တိုက်ခတ်သဖြင့် လူ ၁၄ ဦးသေဆုံး၍ ၆၀ ခန့်ဒဏ်ရာရရှိကြောင်း၊ အိမ်ခြေ ၂၃၆၄ လုံး ပျက်စီးသွားကြောင်း ဇန်နဝါရီ ၂၉ ရက် သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သော လေးရက်က အင်ဒိုနီးရှားနိုင်ငံရှိ ပင်မကျွန်းများဖြစ်သော ဂျာဗားနှင့် ဘာလီရှိ မြို့များနှင့် ဒေသ ၃၅ ခုတွင် လေဆင်နှာမောင်း တိုက်ခတ်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန အကြီးအကဲ ဆူတိုပိုပါဝိုနူဂရိုဟိုက ပြောကြားသည်။

ဖြစ်စဉ်ကြောင့် စုစုပေါင်း လူ ၁၄ ဦးသေဆုံးကာ ၆၀ ဒဏ်ရာများရရှိပြီး အိမ်ပေါင်း ၂၃၆၄ လုံးပျက်စီးခဲ့ရသည်ဟု ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

အီရန်နိုင်ငံတောင်ပိုင်းတွင် တိုက်လေယာဉ်ပျက်ကျ

တီဟီရန် ဇန်နဝါရီ ၂၉

အီရန်နိုင်ငံတောင်ပိုင်း ဘူရှီးပြည်နယ်တွင် အမေရိကန်လုပ် အက်ဖ်-၁၄ ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း ဖားစ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတိုက်လေယာဉ်သည် ဇန်နဝါရီ ၂၆ရက်က ပျက်ကျခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် လေယာဉ်မှူးနှင့်အတူ လက်ထောက်လေယာဉ်မှူးတစ်ဦး လိုက်ပါလာခဲ့ပြီး နှစ်ဦးစလုံး သေဆုံးကြောင်း၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် ပျက်ကျရခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကို ပြည်နယ်မြို့တော် ဘူရှီးမြို့ဆင်ခြေဖုံးတွင် တွေ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ဟော့စိန်းက ပြောကြားသည်။

အဆိုပါပြည်နယ်သည် အီရန်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံတည်ရှိရာ ဒေသဖြစ်သည်။

အီရန်နိုင်ငံက အမေရိကန်လုပ်လေယာဉ် အများအပြားကို ဝယ်ယူခဲ့ရာ ယခုပျက်ကျသော အက်ဖ်-၁၄ တိုက်လေယာဉ်လည်း ပါဝင်သည်။ **အင်တာနက်။**

ဂျပန်နှင့်ရုရှား နယ်မြေပိုင်ဆိုင်မှုဖြေရှင်းရန် ဝေးကွာဆဲဟုဆို

တိုကျို ဇန်နဝါရီ ၂၉

ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လုံခြုံရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူညီခဲ့ကြသော်လည်း ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည့် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားခြင်းအား ဖြေရှင်းရန်မှာ အလှမ်းဝေးကွာဆဲဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုင်ချီရိုဂျင်ဘာက စနေနေ့တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့်အတူ တိုကျိုမြို့၌ သတင်းစာရှင်းလင်းပွဲကျင်းပရာ ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုကျွန်း၏ မြောက်ဘက်ရှိ ကူရိုင်းကျွန်းများ ပြန်လည်ရရှိရေးမှာ နှစ်နိုင်ငံ သဘောထားကွဲလွဲဆဲဖြစ်ကြောင်း ဂျင်ဘာက ပြောကြားခဲ့ခြင်းဖြစ်သည်။

စစ်မှန်၍ ချစ်ခင်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးထူထောင်ရန်အတွက် နှစ်နိုင်ငံနယ်မြေပိုင်ဆိုင်မှု အငြင်းပွားခြင်းကိုဖြေရှင်းရေးနှင့် နှစ်နိုင်ငံငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရေးမှာ ပို၍လိုအပ်လျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးကို ပြောခဲ့သည်ဟု ၎င်းက ဆိုသည်။

ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံလက်နက်ချကတည်းက အဆိုပါ ကူရိုင်းကျွန်းစုကို ရုရှားက ထိန်းချုပ်ထားခဲ့ရာ ဂျပန်နိုင်ငံက ပြန်လည်ပေးအပ်ရန် တောင်းဆိုသော်လည်း ပြန်လည်ရရှိခြင်းမရှိသည့်အတွက် နှစ်နိုင်ငံငြိမ်းချမ်းရေးစာချုပ်ကို ယနေ့ထက်တိုင် တရားဝင်ချုပ်ဆိုနိုင်ခြင်းမရှိသေးပေ။

သို့ဖြစ်ရာ ရုရှားနှင့် ဂျပန်ဆက်ဆံရေးတွင် ကူရိုင်းကျွန်းလေးကျွန်း ပိုင်ဆိုင်မှုအရေးသည် စိတ်ခုစရာကိစ္စတစ်ရပ်ဖြစ်နေသည်။

အဆိုပါကျွန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေသည့် ရုရှားနိုင်ငံ အရှေ့ဖျားဒေသတွင် ဂျပန်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်မီ ၎င်းနယ်မြေပြဿနာကိုဖြေရှင်းရမည်ဖြစ်ကြောင်း ဂျင်ဘာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့ဗ်က နှစ်နိုင်ငံလက်ခံနိုင်သော ဖြေရှင်းမှုကို အလိုရှိပါသည်ဟု ပြောကြားခဲ့သည်။ **အင်တာနက်။**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်(ဲ)နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုင်ချီရိုဂျင်ဘာတို့ လက်ဆွဲနှုတ်ဆက်နေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန် တာလီဘန် စစ်သွေးကြွများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန် အကြမ်းဖက်တိုက်ခိုက်၊ လူလေးဦးသေဆုံး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့၌ အကြမ်းဖက်တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် တစ်ဦးအပါအဝင် လူလေးဦးထက်မနည်း သေဆုံးကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၂၈ ရက်ညနှောင်းပိုင်းက ခိုင်ဘာပက်ထန်ခဝါပြည်နယ် အနောက်မြောက်ပိုင်း ဒီရာအစ္စမေးလ်ခန်းမြို့ရှိ ရှီခတ်ယူဆပ်ဖ်လမ်းတွင် မော်တော်ဆိုင်ကယ်နှစ်စီးပေါ်မှ လက်နက်ကိုင်စစ်သွေးကြွများက ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ ရဲတစ်ဦးသေဆုံးသွားကြောင်း၊ အစောင့်တပ်ဖွဲ့က ပြန်လည်ပစ်ခတ်သဖြင့် စစ်သွေးကြွများဘက်မှ တစ်ဦးထိမှန် သေဆုံးကြောင်း၊ ကျန်စစ်သွေးကြွများ ထွက်ပြေးလွတ်မြောက်သွားကြောင်း သတင်းတွင်ပါရှိသည်။

နောက်ထပ် သီးခြားနေရာဖြစ်သော ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်း ကွီတာမြို့မှ ကီလိုမီတာ ၁၆၀ ကွာဝေးသော ဆီဘီဒေသရှိ သုသာန်အနီးတွင် သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်ခြင်းခံရ၍ လူနှစ်ဦးထက်မနည်း သေဆုံးသွားသည်။

အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင်များက ပါကစ္စတန်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၁ ခုနှစ်ကတည်းက ပါကစ္စတန်တွင် သေဆုံးသော ပါကစ္စတန်လူမျိုး ၃၅၀၀၀ ကျော်သည် ဗုံးများကြောင့်လည်းကောင်း၊ ပစ်ခတ်ခြင်းခံရ၍လည်းကောင်း သေဆုံးခဲ့ရသည်။ **အင်တာနက်။**

ပီရူးတွင် ပြန်လည်ထူထောင်ရေးဂေဟာမီးလောင်၊ လူ ၂၆ ဦးသေဆုံး

လီမာ ဇန်နဝါရီ ၂၉

ပီရူးနိုင်ငံ မြို့တော်လီမာတွင် မူးယစ်ဆေးဝါးစွဲနေသူများ ပြန်လည်ထူထောင်ရေးဂေဟာ၌ မီးလောင်ရာ အနည်းဆုံး လူ ၂၆ ဦးသေဆုံး၍ ၁၀ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆောက်အအုံ၏ တံခါးများကို သော့ခတ်ထားသဖြင့် လူနာများ အတွင်း၌ပိတ်မိနေကြောင်း၊ အဆောက်အအုံကို မီးစွဲလာသဖြင့် အချို့လူနာများသည် ပြတင်းပေါက်မှ ခုန်ထွက်ကြကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောသည်။

ယင်းပြန်လည်ထူထောင်ရေးဂေဟာသည် ခွင့်ပြုမိန့် မရှိသည့်အတွက် ပိတ်ရန် နှစ်ကြိမ်တိုင်တိုင် အမိန့်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အဲလ်ဘာတိုတီဂျာဒါက ပြောသည်။

ပြည်ထဲရေးဝန်ကြီး ဒါနီယဲလ်လိုဇာဒါက ဂေဟာပိုင်ရှင်များကို ရှာဖွေလျက်ရှိသည်ဟု ပြောသည်။

မီးလောင်မှုဖြစ်ပွားနေချိန်တွင် အဘယ်ကြောင့် ဂေဟာတွင် ကြည့်ရှုစောင့်ရှောက်သူ တစ်စုံတစ်ဦးမျှ မရှိသည်ကို ပိုင်ရှင်များအနေဖြင့် ရှင်းလင်းပြောကြားစေလိုကြောင်း ပြည်ထဲရေးဝန်ကြီးက အာပီပီအသံလွှင့်ဌာနကို ပြောကြားသည်။

သေဆုံးသူအားလုံးသည် အမျိုးသားများဖြစ်ကြပြီး အများစုမှာ အသက်ရှူကျပ်၍ သေဆုံးကြရခြင်းဖြစ်သည်။

မီးလောင်ရခြင်း၏အကြောင်းရင်းကို စုံစမ်းဖော်ထုတ်နိုင်ခြင်းမရှိသေးသော်လည်း မူးယစ်ဆေးဝါးစွဲသူများ အငြင်းပွားရန်ဖြစ်ရာမှ မွေ့ရာကို မီးစတင်လောင်ခြင်းဖြစ်သည်ဟု သတင်းများတွင် ဖော်ပြသည်။ **အင်တာနက်။**

ပြန်လည်ထူထောင်ရေးဂေဟာ၏ အပြင်ဘက်တွင် လူနာများ၏ဆွေမျိုးများ စောင့်ဆိုင်းနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ယခုကျင်းပသော အစည်းအဝေးတွင် ဟိုတယ်ဇုန်အလိုက် ဟိုတယ်အဆင့်အတန်း (Star) သတ်မှတ်ရေး၊ အခန်းများ အရည်အသွေးမြင့်မားရေး၊ အခန်းအရေအတွက် မှန်ကန်ရေးတို့ကို စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးအတည်ပြုရေး၊ နိုင်ငံခြားသားဧည့်သည်များ တည်းခိုနိုင်သည့် အဆင့်မီ ဟိုတယ်အခန်းအရေအတွက် စာရင်းရရှိရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တောင်းခံရန် ကျန်ရှိသည့် ကြွေးမြီများ လစဉ်အပြည့်အဝ တောင်းခံရရှိရေး၊ လုပ်ငန်းများ ကြန့်ကြာရပ်ဆိုင်းနေသော ပြည်ပရင်းနှီးမြှုပ်နှံမှု ဟိုတယ် (Delay Project) များအား တွန်းအားပေးဆောင်ရွက်ရေး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းက ဟိုတယ်ဝန်ဆောင်မှုသင်တန်းများနှင့် ဧည့်လမ်းညွှန်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ နိုင်ငံခြားသားဝင်ရောက်မှု လွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် ဟိုတယ်ဇုန်အလိုက် ဆောင်ရွက်နေသည့် နိုင်ငံခြားသားခရီးသည် သယ်ယူပို့ဆောင်ရေးယာဉ်များ စီစဉ်ဆောင်ရွက်ရေး၊ နယ်စပ်ဝင်ပေါက်များတွင် (e- Visa) စနစ် ဖော်ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ ငှားရမ်းသက်တမ်းစေ့ ဟိုတယ်များနှင့် သက်တမ်းမစေ့ ငှားရမ်းဟိုတယ်များနှင့် စားသောက်ဆိုင်များအတွက် ငှားရမ်းခ သတ်မှတ်ရေး၊ ငှားရမ်းမှု နည်းလမ်းများ သုံးသပ်ရေးနှင့် အဆင့်မြင့်တင်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ ဝန်ထမ်းသာရေး/နာရေး ရန်ပုံငွေအတွက် ဌာနအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးများကို ရှင်းလင်းတင်ပြကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုံးအဖွဲ့မှူးနှင့် ဌာနအလိုက် တာဝန်ရှိသူများက လုပ်ငန်းတာဝန်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးစာကြည့်တိုက် ပညာရှင်ကြီးများအား (၁၄)ကြိမ်မြောက် ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက သက်ကြီးစာကြည့်တိုက် ပညာရှင်ကြီးများအား (၁၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် စာရေးဆရာ ဟိန်းလတ်က အမျိုးသားစာပေ တစ်သက်တာဆုနှင့် စည်သူ့ဘွဲ့ရဆရာကြီး ဒေါက်တာသော်ကောင်း၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပြီး ဆရာကြီးအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး စည်သူ ဒေါက်တာသော်ကောင်းက ဩဝါဒစကား ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက် အသင်းဥက္ကဋ္ဌ၊ တက်ရောက်လာကြသူများက အသက်(၆၅)နှစ်အထက် ကန်တော့ခံသက်ကြီး စာကြည့်တိုက်ပညာရှင်ကြီး ၂၇ ဦးတို့အား ဂါရဝပြုကန်တော့ကြကာ ဂါရဝလက်ဆောင်များကို ပေးအပ်ကြပြီး ပညာရှင်ကြီးများကိုယ်စား ဆရာကြီး ဦးကြည်သောင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဦးကျော်ဦး ၂၀၁၀ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုနှင့် စည်သူဘွဲ့ရ ဆရာကြီး ဒေါက်တာသော်ကောင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

နေပြည်တော် ဇန်နဝါရီ ၂၉

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၃ နိုင်ငံရှိပါသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့အထိ တရုတ်နိုင်ငံ (ဟောင်ကောင်)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

(ခ) **လူသို့ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်အထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H_5N_1) လူသို့ ကူးစက်မှု ၅၈၃ ဦးရှိပြီး ၃၄၄ ဦး သေဆုံးကြောင်း သိရှိရသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့တွင် လူ ၅ ဦး ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရပြီး ၄ ဦး သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ ထုတ်ပြန်သော သတင်းများအရ သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှု။** ယခင်ဖြစ်ပွားခဲ့မှုများအပေါ် လေ့လာသုံးသပ်ချက်အရ ဆောင်းခိုငှက်များလာရောက်ပြီး ပြန်လည်ထွက်ခွာသွားသည့် အချိန်ဖြစ်သော ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ဖြစ်ပွားလေ့ရှိခဲ့ကြောင်း တွေ့ရှိရသည်။

၃။ **ရောဂါကြိုတင်ကာကွယ်ရေး။** အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိသည့်ဒေသများတွင် မွေးမြူထားသော ကြက်၊ ဘဲ၊ ငုံး စသည်တို့ကို ဆောင်းခိုငှက်များ၊ ငှက်ရိုင်းများနှင့် ထိတွေ့ဆက်စပ်မှုမရှိအောင် ဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ ခြံအတွင်းသို့ လူ၊ ယာဉ် အဝင်/အထွက် ထိန်းချုပ်ရန်။

(ဂ) ဥဗန်း၊ ကြက်ခြင်း စသည့်ခြံသုံးပစ္စည်းများကို သန့်စင်ပိုးသတ်ပြီးမှ ခြံအတွင်းသွင်းရန်။ ခြံဝင်း ဝင်/ထွက်ပေါက်နှင့် ခြံအဆောက်အအုံ အဝင်ဝတို့တွင် မွေးမြူရေးခြံသုံးပိုးသတ်ဆေးကန်/ဆေးဇန်းထားရှိရန်။

(ဃ) ကြက်ငှက်မွေးမြူရေးခြံ အတွင်းနှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(င) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းပြုလုပ်ရန်။

(စ) ကြက်ငှက် အသား၊ ဥ စသည်တို့ကို ကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်။

(ဆ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန



မြန်မာစာရေးဆရာ ၁၈ ဦးတို့၏ ရုပ်ပုံလွှာများ

စာရေးဆရာမြင့်ကြိုင်ရေးသားသော မြန်မာစာရေးဆရာ ၁၈ ဦးတို့၏ ရုပ်ပုံလွှာများ စာအုပ်တွင် စာရေးသူနှင့် ခင်မင်ရင်းနှီးသော၊ လက်ပွန်းတတီး ပေါင်းသင်းခဲ့ကြသော ဒဂုန်ခင်ခင်လေး၊ ခင်မျိုးချစ်၊ ဒဂုန်ရွှေမျှား၊ သာဂရစိုး၊ မောင်(ဦးထွန်းဖေ)၊ တိုက်စိုး၊ မြသန်းတင့်၊ ဒေါက်တာသန်းထွန်း၊ လူထုဦးလှ၊ ဒေါင်းနွယ်ဆွေ၊ ဦးမင်းနိုင်၊ ဦးမောင်မောင်(စိုးရှိန်)၊ ကျော်ညွန့်မိုး၊ ငြိမ်းကျော်၊ မောင်ဆုရှင်၊ ထန်လှိုင်နှင့် မြဇင်တို့၏ ရုပ်ပုံလွှာများကို ပုံဖော်ထားခြင်းဖြစ်သည်။

ပါရမီစာပေအမှတ် (၂၃၀) ၂၉ လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၃၂၄၆ မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

သုတပဒေသာအဖြာဖြာ စာအုပ်ထွက်ရှိ

ဆရာဦးသိန်းလွင်၏ "မြေးကလေးတို့အမေး. . . . . ဘိုးဘိုးရဲ့အဖြေ"သုတပဒေသာ အဖြာဖြာ စာအုပ်ကို ရွှေဟင်္သာစာပေ အမှတ် (၂၆၃) ပထမထပ် ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေလိုက်ပြီဖြစ်သည်။

ကမ္ဘာမြေကြီး၊ သဘာဝဘေးအန္တရာယ်၊ ဆက်သွယ်ရေး၊ ကွန်ပျူတာ၊ အင်တာနက်၊ အင်းဆက်ပိုးများနှင့် အထွေထွေဟူသော အခန်း ၂၀ ပါရှိသည်။

အသိဉာဏ်ဗဟုသုတလည်း ကြွယ်ဝစေ၊ အတွေးအခေါ်လည်း မှန်ကန်စေ၊ ဆက်လက်လေ့လာလိုစိတ်လည်း ပေါ်ပေါက်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားထားပြီး ဗဟုသုတလိုလားသူတိုင်း မလွတ်တမ်းဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

ရဲမြလွင်၏ မြန်မာ့စစ်မြေပြင်မှ ရင်နင့်ဖွယ်ဇာတ်လမ်း

စာရေးသူ ရဲမြလွင် ဂျပန်ဘာသာမှ မြန်မာဘာသာ ပြန်ဆိုထားသော မြန်မာ့စစ်မြေပြင်မှ ရင်နင့်ဖွယ်ဇာတ်လမ်း(မြန်မာ့စောင်း) စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ဒုတိယကမ္ဘာစစ်အတွင်းနှင့် ကမ္ဘာစစ်ပြီးနောက် မြန်မာနိုင်ငံစစ်မြေပြင်တွင် အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည့် တပ်စုတစ်စုနှင့် ထိုတပ်စု၏ တပ်ကြပ် မီဇူရှီးမားတို့၏ ရင်နင့်ဖွယ်အကြောင်းကို ဇာတ်လမ်းဆင်၍ ဂျပန်စာရေးဆရာ ထာကဲရာမ မိကျိုအိုးက ရေးသားထားခြင်းကို ဘာသာပြန်ထားသော စာအုပ်ဖြစ်သည်။

အလင်းသစ်စာပေ တိုက်(၆) အခန်း (၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဆောင်းညရှိုက်သံ စာအုပ်ထုတ်ဝေ

ဝင့်ပြုံးမြင့် မြန်မာဘာသာပြန်ဆိုထားသော ဆောင်းညရှိုက်သံ စာအုပ်ကို မျက်ပွင့်စာပေမှ ထုတ်ဝေလိုက်သည်။ ဤစာအုပ်တွင် မူရင်းဝတ္ထု၏ အရသာအတိုင်း ခံစားနိုင်စေရန် ကြိုးစား၍ ပြန်ဆိုထားသည်ကို တွေ့ရှိရသည်။ စိတ်နေစိတ်ထားနှင့် စရိုက်သဘာဝ ထူးခြားသောအစ်မဖြစ်သူ သူနာပြုဆရာမလေး အေမန်ဒါနှင့် ညီမဖြစ်သူ မက်တီတို့အကြောင်းကို ရေးဖွဲ့ထားသည်။ ဇာတ်သိမ်းသည် ထူးခြားသော၊ ထင်မထားသော အလှည့်အပြောင်းများကြောင့် အသက်ရှူဖို့ပင် မေ့သွားစေလောက်အောင် ရသမြောက်သည်။ ရသကောင်းတစ်အုပ်ဖြစ်သော ဆောင်းညရှိုက်သံကို စာချစ်သူများ လေ့လာမျှဝေခံစားနိုင်ရန် တင်ပြလိုက်သည်။ မျက်ပွင့်စာပေမှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့်ထုတ်ဝေလိုက်သည်။

ဂုဏ်ထူးဦးအောင်ခိုင် Basic Grammar

ဂုဏ်ထူးဦးအောင်ခိုင်၏ Basic Grammar စာအုပ်ကို ပန်းဝေဝေစာပေတိုက်မှ ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အလယ်တန်း၊ အထက်တန်း၊ ဘွဲ့ကြို၊ ဘွဲ့ရများ အားလုံးအတွက် ရည်ရွယ်ပြီး ပြုစုထားသည့် ဤစာအုပ်တွင် အင်္ဂလိပ်စာသဒ္ဒါ၏ အခြေခံများကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် နမူနာ ဝါကျများ ပေးပြီး ပြည့်ပြည့်စုံစုံ ရှင်းပြထားသည့်အပြင် လေ့ကျင့်ခန်းများကိုလည်း လုံလောက်စွာ ပေးထားသည်။ အင်္ဂလိပ်စာနှင့် မကင်းနိုင်သူတိုင်း လက်မလွတ်တမ်း ဖတ်ရှုသင့်သည့်စာအုပ်ဖြစ်သည်။ ဂုဏ်ထူးအင်္ဂလိပ်စာ ၂၇၂ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၉၁၉ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ်၂၀၀၀ ဖြင့် တစ်နိုင်ငံလုံးရှိ စာအုပ်အရောင်းဆိုင်များသို့ ဖြန့်ချိထားသည်။

"International Holocaust Commemoration Day 2012" အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးနှင့် ဂျာမနီသံရုံး၊ UNIC Yangon၊ American Centre ၊ ပြင်သစ်ဌာနနှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်းကျင်းပသည့် "International Holocaust Commemoration Day 2012" အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** Head of Mission from German Embassy မှ Mr. Oliver Bientgle နှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H. E.Mr.Yaron Mayer တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများက International Holocaust Commemoration Day 2012 နှင့်စပ်လျဉ်းသည်များကို ဟောပြောကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရှိးရာ ဓလေ့ဌာန သီရိဆောင်အဆောက်အအုံ အကြီးစား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြေပြေလည်လည်ရှိစေချင်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့နေ ပြည်သူအများစုသည် ဘတ်စ်ကားများကို အားကိုး၍ ဆက်သွယ်သွားလာနေကြရသည်။ ယင်းသို့ သွားလာရာ၌ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ အထူးသဖြင့် ယာဉ်နောက်လိုက်များနှင့် ခရီးသည်များ၏ အဆင်မပြေမှုများမှာ နေ့စဉ်ကြုံတွေ့ရမြဲကိစ္စများပင်ဖြစ်သည်။ မော်တော်ယာဉ်လိုင်းအသီးသီး၏ ကြပ်မတ်ကွပ်ကဲမှုများကြောင့် ဆက်ဆံမှုမပြေပြစ်သည့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအပေါ် တိုင်ကြားနိုင်ရာ အရေးယူပေးသည့် ဖြစ်ရပ်အများအပြားရှိပြီးဖြစ်သည်။

ခရီးသည်နှင့် ယာဉ်နောက်လိုက်မှာ အများနှင့် အနည်းဖြစ်ပြီး ခရီးသည်ဘက်က လွန်သည်ရှိသကဲ့သို့ ဆက်ဆံမှုမပြေပြစ်သည့် ယာဉ်နောက်လိုက်များမှာလည်း အများအပြားရှိသည်။ ဇန်နဝါရီ ၂၄ ရက်ကလည်း ထုံးစံအတိုင်း (၃၉) အထူးယာဉ်လိုင်းကို စီးခဲ့ရာ ခရီးသည်အမျိုးသမီးနှစ်ဦးမှာ သုံးယောက်ထိုင်ခုံနှစ်ယောက်တည်းထိုင်သဖြင့် သုံးယောက်ထိုင်နိုင်ရေး တစ်ဖက်သို့တိုးပေးရန် ယာဉ်နောက်လိုက်က ချေချေငံငံ ပြောသည်ကို တွေ့ရသည်။ သို့သော်လည်း ခရီးသည်အမျိုးသမီးနှစ်ဦးမှာ မိမိတို့အပြစ်ကို ဖုံးစေရန် ယာဉ်နောက်လိုက်အား မဆီမဆိုင်သည်များပါပြော၍ တိုင်လိုက်ရမလား၊ မတ်တတ်ရပ် လူပိုတွေတင်တာ ပြောလိုက်ရင် ပြုတ်သွားမယ် စသည်ဖြင့် ပြန်ပြောသဖြင့် အချို့ခရီးသည်များက ယာဉ်နောက်လိုက်အား ထပ်မပြောဘဲ ဆိတ်ဆိတ်နေရန် အချက်ပြသည်ကိုလည်း တွေ့ရသည်။

တစ်ခါတစ်ရံတွင် တစ်ထောင်တန်မပေးဘဲ ပြန်အမ်းငွေကျပ် ၈၀၀ တောင်းသူများကိုလည်း တွေ့ရသည်။တစ်ထောင်တန်ပေးသယောင်ဖြင့် ပြန်အမ်းငွေကို မှင်သေသေ အတင်းတောင်းရာ အမှန်ကိုသိသည့်ခရီးသည်အချို့ကြောင့် ယာဉ်နောက်လိုက် သက်သာရာရခဲ့သည့် အဖြစ်များလည်းရှိသည်။ သက်ဆိုင်ရာကိုတိုင်ပါက မှန်သည် မှားသည် နောက်ထား၊ ရှင်းလင်းနေရသဖြင့် အလုပ်ပျက်သည်ကို စိုးရိမ်သည့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များလည်းရှိပေရာ ခရီးသည်ရော၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များပါ ကိုယ်ချင်းစာစိတ်၊ တစ်ဦးနှင့်တစ်ဦး အကူအညီပေးစိတ်များဖြင့် ပြေပြေလည်လည် ဆက်ဆံသွားလာကြပါက ဘတ်စ်ကားများပေါ်မှ စိတ်ညစ်စရာအချို့ တဖြည်းဖြည်း ကင်းလာမည်ဟု ယုံကြည်မိပါသည်။

(ဝင်းဝင်းမော်)

နိုင်ငံတော်က ရေငန်ငါးဖမ်းလုပ်ငန်းနှင့် ပတ်သက်၍ ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံတော်အနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက အားပေးလျက်ရှိသည်။ ယင်းသို့ အားပေးမှုများတွင် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများလည်း မကျန်ခဲ့ပေ။ ရေငန်ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးခဲ့ရာ ဖြေလျှော့မှုကိုးခုကို တွေ့ရှိရသည်။ ယင်းဖြေလျှော့မှုများအနက်အချို့မှာ-

စဉ်	မူလဆောင်ရွက်ပေးမှု	ယခုဖြေလျှော့ဆောင်ရွက်ပေးမှု
၁	မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်၌ ငါးသယံဇာတ ပြုန်းတီးစေသည့် သုံးထပ်ပိုက် ခွင့်မပြု။	အဆိုပါ သုံးထပ်ပိုက်ကိရိယာများအား တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ပုစွန်မျိုးပေါက်ပွားချိန် မေလနှင့် ဇွန်လ နှစ်လသာ ရပ်နားပြီး နှစ်စဉ် ဇူလိုင်လမှ နောင်နှစ် ဧပြီလအထိ ၁၀ လကို ပုစွန်ဖမ်းဆီးရန် ခွင့်ပြုသည်။
၂	ကမ်းဝေးငါးဖမ်းဆီးခွင့်လိုင်စင်အား တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်ရက်သုံးရက်ဖြင့် ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့သည်။	တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ရေယာဉ်ဆိုင်ရာ အချက်အလက်များနှင့်အတူ Fax ဖြင့် တင်ပြစေပြီး နေ့ချင်းပြီး ခွင့်ပြုပေးလျက်ရှိသည်။
၃	တနင်္သာရီတိုင်းဒေသကြီး အခြေပြု ကမ်းဝေးငါးဖမ်းရေယာဉ်များအား တနင်္သာရီငါးဖမ်းကွက်သာ ခွင့်ပြုလုပ်ကိုင်စေပြီး ရန်ကုန်အခြေပြု ရေယာဉ်များအား မြစ်ဝကျွန်းပေါ်(ဧရာဝတီ+မွန်)ငါးဖမ်းကွက်အတွင်းသာ လုပ်ကိုင်ခွင့်ပြုခဲ့သည်။	နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ငါးဖမ်းကွက်တွင် လိုင်စင်ရယူ၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီ ငါးဖမ်းကွက်များတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိပါသည်။ ငါးဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ စစ်ဆေးရေးစခန်းများသို့ သတင်းပို့ အစစ်ဆေးခံ ဆောင်ရွက်သွားရမည်။

ရေငန်ငါးဖမ်းလုပ်ငန်းအနေဖြင့် ရေယာဉ်သုံးဒီဇယ်ဆီဈေး တည်ငြိမ်မှုရှိခြင်း၊ ငါးဖမ်းဆီးရမိမှု အထိအမိကောင်းခြင်း၊ ပြည်ပဈေးကွက်၌ ရေငန်ငါး ဈေးကောင်းရနေခြင်းစသည့် အခြေအနေကောင်းများရရှိနေချိန်တွင် ဖော်ပြပါဖြေလျှော့မှုများ ထပ်ဆောင်းလိုက်သဖြင့် ၂၀၁၂ ခုနှစ် ငါးဖမ်းရာသီတွင် အခြေအနေကောင်းများ ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့အတူ ရေငန်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများကလည်း နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာကာ ငါးသယံဇာတများ ပြုန်းတီးမှုမရှိစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်လာရန် လိုအပ်လျက်ရှိသည်။

ရေချို ငါး/ပုစွန်မွေးမြူသူများကလည်း ရေငန်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများနည်းတူ ထိရောက်သော ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရှိရသည်။

(ညွန့်သန်း)

ကျန်သည့်အချိန်ကလေး ဘာလုပ်ကြမလဲ အလှဆုံးပြင်ဆင်ကြရင် မကောင်းဘူးလား

မြင့်မောင် (ရေစကြို)

မနုဿတ္တဘာဝေါ၊ ဒုလ္လဘော ဆိုသည့်အတိုင်း လူ့ဘဝသည်ရခဲ၏၊ တိုလည်းတိုတောင်း၏၊ ဘဝသက်တမ်း တိုတောင်းသည့်အထဲ ရသည့်အချိန်ကလည်း နည်းလွန်းလှသည်ဟု ဆိုရပေမည်။ ယခုကာလလူ့သက်တမ်းကို ၇၅ နှစ်ရှိသည်ဆိုသဖြင့် တစ်နေ့အိပ်ချိန် ၈ နာရီနှုန်းဖြင့် တွက်ပါက ၂၅ နှစ်က အိပ်ချိန်ဖြင့်ပင် ကုန်ဆုံးသွားပြီ။ ကျန်နှစ် ၅၀ ထဲမှ ကလေးဘဝ ၁၀ နှစ်နှင့် ပညာသင်ချိန် ၁၅ နှစ်ရှိရာ စုစုပေါင်း နှစ် ၅၀ ခန့်အနက် အမှန်တကယ်လူ့ဘဝတစ်ခုလုံး လောကီလောကုတ္တရာ လုပ်နိုင်မည့်အချိန်၊ လုပ်ရမည့်အချိန်သည် ၂၅ နှစ်သာ ကျန်ပါတော့သည်။ ဤကျန်သည့် အချိန်ကလေးအတွက် ဘဝကို ဘယ်လိုအလှဆင်မည်ဆိုသည်ကို အလေးအနက် စဉ်းစားဆောင်ရွက်ကြရပေတော့မည်။

ပုထုဇဉ်သတ္တဝါတို့သည် အလှပြင်တာ ဝါသနာပါကြသည်။ သို့သော် တကယ့်အလှတရားကို ပုထုဇဉ်သတ္တဝါတို့က ဝေဝေဝါးဝါးသာ ရှာတတ်ကြပါသည်။ အရိယာသူတော်စင်တို့ကသာ တကယ့်အလှတရားကို ပြည့်ပြည့်ဝဝ ရှာဖွေတတ်ကြပါသည်။ သတ္တဝါမှန်သမျှ ရုပ်နှင့်နာမ်ကိုသာ မှီ၍ အသက်ရှင်နေကြရသည်။

ပုထုဇဉ်တို့ အလှပြင်နေကြသည်က ရုပ်အလှကိုသာ အသားပေးပြင်ဆင်နေကြခြင်းဖြစ်သည်။ တကယ့်အနှစ်သာရ အလှတရားက နာမ်ကိုသာ အမှီပြုသည့် စိတ်မှာသာ ရှိနေသည်။ ရုပ်ကိုပြင်နေသောအလှသည် တဒင်္ဂအလှ၊ အပေါ်ယံအလှ၊ ဘယ်လောက်ပင်ပြင်ပြင် တစ်ခဏသာလှပြီး ပျက်နေရသည့် တစ်ဘဝစာအတွက်သာ ဖြစ်သည်။ စိတ်ကိုအလှပြင်ခြင်းကသာလျှင် သံသရာတစ်လျှောက်လုံး လှခြင်းများ ရနေပါမည်။

ရုပ်ကိုပြင်သည့်အခါ တန်ခိုး၊ အာဏာ၊ ပစ္စည်းစသည့် ရုပ်ဝတ္ထုပစ္စည်းအမျိုးမျိုးနှင့် ပြင်ကြရာတွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဆိုသည့် ကိလေသာအညစ်အကြေးစိတ်များဖြင့် ပြင်ဆင်ခြယ်သနေကြသဖြင့် ပြင်ဆင်နေသမျှ အကုသိုလ်ရနေကြသည်။ ငါလှလိုက်တာဆိုသည့် လောဘစိတ်၊ ငါ့လောက်ဘယ်သူလှလို့လဲဆိုသည့် မာန်မာနဒေါသစိတ်၊ လှခြင်း၊ မလှခြင်းဆိုသည့်အပေါ် တွေဝေငေးမောနေသည့် မောဟစိတ်များနှင့် ထုံမွမ်းနေသဖြင့် အလှပြင်နေသမျှ အကုသိုလ်ဖြစ်နေရသည်။

စိတ်ကိုလှအောင်ပြင်ရာတွင်တော့ သဒ္ဓါ၊ ပညာ၊ မေတ္တာတို့ကို အခြေခံ၍ ဒါန၊ သီလ၊ ဘာဝနာတွေနှင့် ပြင်ကြသဖြင့် အလှပြင်ဆင်ဆဲတွင်လည်း ကုသိုလ်စိတ်များဖြစ်လာပြီး တစ်ခဏအလှမဟုတ်ဘဲ တစ်သံသရာလုံးအတွက် အလှတွေပါသွားရသည်။

ထို့ကြောင့် ရုပ်အလှကိုပြင်ခြင်းသည် အပြင်အလှ၊ အပေါ်ယံအလှ၊ တဒင်္ဂ ပုထုဇဉ်အလှ၊ အကုသိုလ်အလှ ဖြစ်သည်။ သေလျှင်အပါယ်ငရဲ ကျရသည်။

စိတ်ကိုပြင်ခြင်းသည်သာ အတွင်းအလှ၊ ထာဝရအလှ ဖြစ်ပြီး သေလျှင်လည်း လူ့ပြည်၊ နတ်ရွာ၊ အထက်ဘုံ လားကြရသည်။

"သင်ဘယ်အလှမျိုးကို ပြင်ချင်ပါလဲ၊ သင့်ကိုယ်သင် မေးကြည့်ပါ"

ဥပမာပြရသော် အကိတ္တိရသေ့လောင်း သူဌေးသားလေးသည် ၎င်း၏မိဘ ဘိုးဘွားများသေသောအခါ ထားရစ်၊ ကျန်ရစ်ခဲ့သောပစ္စည်းများကိုကြည့်ပြီး **"သြော် ငါ့မိဘများ ဒီပစ္စည်းတွေကို ရှာသာရှာခဲ့သည် ယူမသွားနိုင်ပါလား"**ဟု သတိသံဝေဂ ရသွားသည်။ ထို့ကြောင့် "ဒီပစ္စည်းတွေ ငါနဲ့ ပါသွားအောင် ဘယ်လိုလုပ်ရမည်လဲ" ဟု ကြံစည်မိပြီး အလှူကြီးပေးတော့သည်။ နောက်ဆုံးပစ္စည်းတွေကို ယူချင်တဲ့သူ ယူပါစေတော့ဟု စွန့်လွှတ်တော်မူခဲ့ပြီး တောထွက်တရားအားထုတ်လေတော့သည်။

ရသေ့လေး၏ အကျင့်တရားမြင့်မြတ်ပြင်းထန်မှုကြောင့် သိကြားမင်း၏ **ပဏ္ဍု** ကမ္ဗလာကျောက်ဖျာတင်းသဖြင့် လူ့ပြည်ဆင်းကြည့်သောအခါ ရသေ့လေး၏ မြင့်မြတ်ပြင်းထန်သော အကျင့်တရားကြောင့် ကျောက်ဖျာတင်းရကြောင်း သိသွားသည်။ သိကြားမင်းက ရသေ့လေး၏သီလကို စမ်းသပ်လိုခြင်းကြောင့် ပရိယာယ်ဖြင့် မေးမြန်းပြောဆိုသည်မှာ **"အသင်ရသေ့လေး သင့်အသားကလည်း မည်းလိုက်တာ မီးသွေးခဲကျနေတာပဲ"**ဟု မမည်းသောအသားကို မည်းပါသည်ဟူ၍ ကဲ့ရဲ့သလို ပြောဆိုသော်လည်း ရသေ့လေးက စိတ်မဆိုးပါ။ ဈာန်အဘိညာဉ်ရထားသော ရသေ့ဖြစ်သဖြင့် မေးသူသည် သိကြားမင်းဖြစ်ကြောင်းလည်း သိပါသည်။

ထို့ကြောင့် ရသေ့လေးက ဖြေကြားပြောဆိုသည်မှာ **"အသင်သိကြားမင်း သင်မြင်သည့်ရုပ်ကိုကြည့်၍ မည်းသည်ဟူ၍ ပြောဆိုခြင်းဖြစ်ပါလိမ့်မည်။ ငါ၏အတွင်းသား စိတ်နှလုံးသည် သင်ထင်သလို မမည်းပါ။ ဖြူစင်မြင့်မြတ်ပါသည်။ အပေါ်ယံအသားမည်းခြင်းသည် အပေါ်ယံအသွင်အဆင်းကြောင့်ဆိုလျှင် မှန်ကောင်းမှန်နိုင်ပါသည်။ အပေါ်ယံရုပ်အဆင်းမည်းခြင်းထက် အတွင်းစိတ်ဖြူရန်သာ အဓိကကျပါသည်"**ဟု ဖြေကြားသောအခါ သိကြားမင်းသည် ရသေ့လေးအား အလွန်ကြည်ညိုသွားပါသည်။ ဒါကြောင့် **"အသင်ရသေ့လေး လိုရာဆုတောင်းပါလော့"** သိကြားမင်းက ဆိုသောအခါ ရသေ့လေးက **"ငါဆုတောင်းမည်၊ အသင်ပေးနိုင်မည်လား၊ ငါသည် လောဘ၊ ဒေါသ၊ မောဟ မဖြစ်ရပါလို၏"**ဟု ဆုတောင်းသောအခါ ဤဆုမျိုးကို သိကြားမင်း မပေးနိုင်ပါ။ သို့သော် အဖြေကိုသဘောကျ၍ ထပ်မံကြားလိုသဖြင့် ဆုတောင်းပါဦးဟု ထပ်မံပြောဆိုသောအခါ **"ငါသည် ကာယကံ၊ ဝစီကံ၊ မနောကံ ကံ သုံးပါးကို မပြစ်မှားရပါလို၏"**ဟု ဆုတောင်းပြန်သည်။

ဤဆုကို ကိုယ်တိုင်လုပ်မှရသော ဆုဖြစ်သဖြင့် သိကြားမင်းမပေးနိုင်ပါ။ သိကြားမင်းသည် ရသေ့လေး၏ စကားများကို နာကြားရသဖြင့် သတိသံဝေဂရ ကုသိုလ်ဖြစ်ရသဖြင့် အကြိမ်ကြိမ်သာဓုခေါ်ပြီး တာဝတိံသာသို့ ပြန်ကြွသွားပါသည်။

အထက်ပါဖြစ်စဉ်များကိုကြည့်ပြီး သံဝေဂရမည်ဆိုပါက ကျွန်ုပ်တို့သည် ကြုံတောင့်ကြုံခဲ လူ့ဘဝရရှိခိုက်လေးတွင် သမ္မာအာဇီဝကောင်းသော အသက်မွေးဝမ်းကျောင်းမှုတို့ဖြင့် ရှာဖွေရရှိထားသော စည်းစိမ်ဥစ္စာ၊ အာဏာစသည်တို့ကို အနှစ်မပါ အကာသက်သက်ဖြစ်သည့် ကာမဂုဏ်စည်းစိမ်ခံစားခြင်းဖြင့် ဖြုန်းတီးမပစ်ဘဲ သဒ္ဓါ စေတနာအခြေခံ၍ အများကောင်းကျိုး သယ်ပိုးဆောင်ရွက်ရင်း ဒါန၊ သီလ၊ သမထ၊ ဘာဝနာ စီးဖြန်းဆောက်တည်ကာ ဘဝကို အကောင်းဆုံးအလှဆင်သွားနိုင်ကြပါစေကြောင်း မေတ္တာအရင်းခံ၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မှတ်ချက်။

(ဤဆောင်းပါးကို ဓမ္မဒူတ ဦးပညာဝရ ဟောကြားသော **"အလှဆုံး ပြင်ဆင်ကြပါစို့"** ဆိုသည့်တရားတော်အား မှီငြမ်းပြု၍ ရေးသားတင်ပြခြင်းဖြစ်ပါသည်။)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၉

ဦးမျိုးသိန်း(ညွှန်မှူး-ငြိမ်း)(ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန)သည် ကစားဖော်များဖြစ်ကြသော ဦးကိုနီ(တရားလွှတ်တော်ရှေ့နေ)၊ ဦးမောင်မောင်ဝင်း (Barry)၊ ဦးရေးထက်ဒိုးတို့နှင့်အတူ ဇန်နဝါရီ ၂၈ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Supersonie No(33) ဘောလုံးကို Honma Twin Mark AP 301 No(7) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၃၇ ကိုက်အကွာရှိ ကျင်းအမှတ် (၂)သို့တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမပြခန်း၌ ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသလျက်ရှိသော ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲသို့ အများပြည်သူတို့ကြည့်ရှုလေ့လာလျက်ရှိရာ KKA Computer Mobile & Digital Store ပြခန်းအား စိတ်ဝင်စားစွာကြည့်ရှုနေသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

၂၀၁၁ ခုနှစ်အတွင်း ရန်ကုန်မြို့၌ ယာဉ်မတော်တဆမှုပေါင်း ၁၁၀၀ ကျော်ဖြစ်ပွားခဲ့ပြီး သေဆုံး၊ ဒဏ်ရာရရှိသူ စံချိန်တင်

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ယာဉ်မတော်တဆမှုပေါင်း ၁၁၆၉ မှု ဖြစ်ပွားခဲ့ပြီး ယင်းမှာ ကုန်ဆုံးခဲ့သည့် ငါးနှစ်တာကာလအတွင်းတွင် အမြင့်မားဆုံးဖြစ်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ထားသော ယာဉ်မတော်တဆဖြစ်ပွားမှုစာရင်း၊ သေဆုံးသူနှင့် ဒဏ်ရာရရှိသူစာရင်းမှတ်တမ်းများအရ သိရသည်။

ယာဉ်မတော်တဆမှုများ အမြင့်မားဆုံးဖြစ်ပွားခဲ့သည့်အပြင် အဆိုပါယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာလည်း စံချိန်တင်များပြားခဲ့ကြောင်း စာရင်းများအရ သိရသည်။ ၂၀၁၁ ခုနှစ်အတွင်းတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၁၆၉ မှု၊ သေဆုံးသူဦးရေ ၂၀၈ ဦးထိရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာလည်း ၁၈၃၀ ထိ ရှိခဲ့ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့စာရင်းအရ သိရသည်။ အဆိုပါ ယာဉ်မတော်တဆ ဖြစ်ပွားမှုနှုန်းထားနှင့် သေဆုံး၊ ဒဏ်ရာရရှိမှု နှုန်းထားများသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း စံချိန်တင်များပြားခဲ့ခြင်း ဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများကို စစ်တမ်းပြုစုခဲ့ရာတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှုကြောင့် အများဆုံး ဖြစ်ပေါ်နေရပြီး လမ်းကူးသူတို့၏ ပေါ့ဆမှုကြောင့်လည်း ဒုတိယအများဆုံးပါဝင်နေသည်ကို တွေ့ရသည်။ ယာဉ်မတော်တဆ ဖြစ်ပွားမှုအများဆုံး ယာဉ်အမျိုးအစားမှာ ကိုယ်ပိုင်ယာဉ်ငယ်များ ဖြစ်ပြီး မတော်တဆဖြစ်ပွားမှု ၅၅၇ မှု ဖြစ်ပွားခဲ့ကာ သေဆုံးသူဦးရေ ၉၀ နှင့် ဒဏ်ရာရရှိသူ ၆၇၉ ဦးရှိခဲ့သည်။ ဒုတိယအများဆုံးဖြစ်ပွားမှုမှာ ခရီးသည်တင်ယာဉ်များဖြစ်သည်။ ခရီးသည်တင်ယာဉ်များကြောင့် ယာဉ်မတော်တဆမှု ၃၁၈ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၆၁ ဦးနှင့် ဒဏ်ရာရရှိသူ ၈၂၃ ဦးရှိခဲ့သည်။ အဆိုပါ ခရီးသည်တင်ယာဉ်များကြောင့် ဖြစ်ပွားမှုတွင် ယာဉ်အစီးရေအများဆုံးဖြစ်သော မ. ထ. သ ခရီးသည်တင်ယာဉ်များ၏ ယာဉ်မတော်တဆမှု ၉၇ မှုပါဝင်နေပြီး သေဆုံးသူ ၂၁ ဦးနှင့် ဒဏ်ရာရရှိသူ ၂၃၈ ဦး ရှိခဲ့သည်။ ကျန်အခြားသော ခရီးသည်တင်ယာဉ်လိုင်းများ၏ ယာဉ်မတော်တဆမှုမှာ ၂၂၁ မှု၊ သေဆုံးသူ ၄၀ နှင့် ဒဏ်ရာရရှိသူ ၅၈၅ ဦးရှိခဲ့ကြောင်း သိရသည်။ အငှားကုန်တင်ယာဉ်များကြောင့်လည်း ယာဉ်မတော်တဆ ဖြစ်ပွားမှု ၁၃၁ မှု၊ သေဆုံးသူ ၃၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၄၂ ဦး ရှိခဲ့သည်။ စီးတီးတက္ကစီယာဉ်များသည်လည်း ယာဉ်စည်းကမ်းချိုးဖောက်မှု များပြားခဲ့ပြီး အဆိုပါယာဉ်များကြောင့် ယာဉ်မတော်တဆမှု ၁၃၁ မှု သေဆုံးသူ ၁၂ ဦးနှင့် ဒဏ်ရာရရှိသူ ၁၅၃ ဦး ရှိခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆ ဖြစ်ပွားမှုများ မြင့်တက်လာခဲ့ပြီး ယာဉ်ကြောင့်ဖြစ်ပေါ်နေရသော လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရမှု၊ ထိခိုက်ဒဏ်ရာရရှိကာ ကိုယ်အင်္ဂါမသန်စွမ်း ဖြစ်ပေါ်နေရမှုများကြောင့် ယာဉ်အန္တရာယ်ကို ယာဉ်မောင်းသူ၊ လမ်းဖြတ်ကူးသူ၊ လမ်းကို ပုံစံအမျိုးမျိုးနှင့် အသုံးပြုနေကြသော လမ်းအသုံးပြုသူများအားလုံး သတိပြုဖွယ်ရာပင် ဖြစ်သည်။ သက်ဆိုင်ရာမှလည်း ထိရောက်စွာဖြင့် ပညာပေးဆောင်ရွက်မှုများ၊ အရေးယူမှုများ၊ ယာဉ်အန္တရာယ် လျော့ကျရေးဆောင်ရွက်ချက်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုးမြှင့်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုလုပ်ငန်းများတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူ အငြိမ်းစားအရာရှိတစ်ဦးက ဆိုသည်။ "ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်ကိုပဲသွားသွား အိမ်ကထွက်လိုက်တာနဲ့ လမ်းပေါ်ကို ရောက်သွားတာဖြစ်တဲ့အတွက် လမ်းကို အသုံးပြုတဲ့သူ ဖြစ်သွားပါပြီ။ လမ်းအသုံးပြုသူ ဖြစ်သွားတာနဲ့ လမ်းကို အမှုမဲ့ အမှတ်မဲ့ အသုံးပြုလို့ မရတော့ပါဘူး။ လုံခြုံစိတ်ချရတဲ့ သွားလာမှုတွေ၊ လမ်းတွေ မဟုတ်သေးတဲ့အတွက် လမ်းအသုံးပြုနေကြသူတိုင်း သတိပြုဆင်ခြင်မှ ယာဉ်အန္တရာယ်ကို ရှောင်ရှားနိုင်မှာပါ။ ဖြစ်ရိုးဖြစ်စဉ်လို့ သဘောထားလို့မရပါဘူး" ဟု ၎င်းကပြောကြားခဲ့သည်။ (ဝဝ၁)

နှစ်အလိုက် ယာဉ်မတော်တဆဖြစ်ပွားမှု
သေဆုံးသူဦးရေနှင့် ဒဏ်ရာရရှိသူဦးရေ စာရင်း

ခုနှစ်	ယာဉ်မတော်တဆမှု	သေဆုံးသူ	ဒဏ်ရာရရှိသူ
၂၀၀၇	၉၂၉	၁၃၃	၁၅၅၀
၂၀၀၈	၆၆၈	၁၅၃	၁၁၈၅
၂၀၀၉	၈၆၄	၂၀၆	၁၆၁၉
၂၀၁၀	၇၉၅	၁၇၅	၁၂၅၁
၂၀၁၁	၁၁၆၉	၂၀၈	၁၈၃၀

ယ နေ့ ဖတ် ဖွယ် မှတ် ဖွယ် ...

ရွှေတိဂုံစေတီတော်သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ အရေအတွက်ပြည့်မီနေ

ရန်ကုန် ဇန်နဝါရီ ၂၉

ရွှေတိဂုံစေတီတော်သို့ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ၏ ရက် ၂၀ ကျော်အတွင်း ဝင်ရောက်သော ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ တစ်လတာ၏ ဝင်ရောက်မှုအရေအတွက်ကို ပြည့်မီကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီတစ်လတာအတွင်း ကမ္ဘာလှည့်ခရီးသည်လာရောက်လေ့လာကြည်ညိုမှုမှာ ၂၅၉၈၃ ဦးရှိပြီး ၂၀၁၂ ခုနှစ်တွင် ဇန်နဝါရီ ၁ ရက်မှ ၂၄ ရက်အထိ လာရောက်မှုမှာ ၂၅၉၈၃ ဦး ရှိသည်ဟု သိရသည်။ "ဒီလထဲမှာ ရက် ၂၀ ကျော် လာရောက်တဲ့အရေအတွက်က အရင်နှစ် ဇန်နဝါရီတစ်လတာ လာရောက်မှု လောက်ရှိနေတာဖြစ်လို့ ဒီလကုန်အထိဆိုရင် အရင်နှစ်ကထက် ပိုမိုများပြားလာဖို့ပဲ ရှိတယ်" ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ရွှေတိဂုံစေတီတော်သို့ လာရောက် လေ့လာကြည်ညိုကြသော ကမ္ဘာလှည့်ခရီးသည်များတွင် ထိုင်းက အများဆုံးဖြစ်ပြီး ၂၀၁၁ ခုနှစ် တစ်နှစ်တာအတွင်းကိုလေ့လာကြည့်ပါက ထိုင်းက ပထမ၊ ဂျာမနီက ဒုတိယနှင့် ပြင်သစ်က တတိယအများဆုံးဖြစ်ကြောင်း သိရသည်။ ထိုင်းစကားပြန်တစ်ဦးက "ဒီကိုလာပြီး သူတို့ဆုတောင်းတာတဲ့။ ဆုတောင်းပြည့်တယ်ဆိုပြီးတော့ လာကြတာ။ သူတို့ဆီမှာ ရေကြီးလို့ ဒီကိုလာတဲ့အရေအတွက် လျော့သွားမယ်ထင်တာ မလျော့တဲ့အပြင် တိုးတောင်မှ လာကြတာကို တွေ့ရတယ်" ဟု ပြောပြသည်။

၂၀၁၁ ခုနှစ် တစ်နှစ်တာအတွင်း ရွှေတိဂုံစေတီတော်သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ စုစုပေါင်း ၂၂၅၃၈၁ ဦး ရှိပြီး ဧည့်ဝင်ကြေး ဒေါ်လာ+အက်ဖ်အီးစီ ၁၁၂၆၉၀၅ ရရှိကြောင်း သိရသည်။ (ထက်ခိုင်-စမ်းချောင်း)

ကြေးမုံမြင်ကွင်း၊ ဓာတ်ပုံကပြောသည့်သတင်း ......

မင်္ဂလာဈေးဝင်ပေါက်အနီး မော်တော်ကားပွန်းသံများ ဆူညံစွာ။ လိုင်းကားများ ဝင်ပေါက်ထိပ်တွင် ရပ်ပြီး လူခေါ်တင်နေကြသည်မှာ နောက်ကားလာလည်း ရွှေ့ကားကမထွက်၊ အငှားကားများကလည်း ရပ်ထားကြပြန်ရာ. . .။

သိမ်ကြီးဈေး(C)ရုံဘက် မဟာဗန္ဓုလလမ်း တစ်ဖက်တစ်ချက် သိမ်ကြီးဈေးကားမှတ်တိုင်အနီးမှာ လူတွေက ကားကိုကွေ့လိုက်၊ ရှောင်လိုက်ဖြင့် လမ်းဖြတ်ကူးနေကြသည်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး၊ အရေးယူနေမှုများကို ဂရုမမူ၊ မမှုကြသည့်အလား. . .။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆင်အရေခွံခြောက် ၃၂ ပိဿာနှင့် ဆင်သားခြောက် ၅၀ ကျပ်သား သယ်ဆောင်သူနှစ်ဦး ဖမ်းဆီးအရေးယူထား

ပဲခူး ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး အဝေးပြေးယာဉ်ရပ်နားစခန်း အဝေးပြေးကားဝင်းအတွင်း၌ ဇန်နဝါရီ ၁၈ ရက်က မသင်္ကာဖွယ်ရာ လူနှစ်ဦး စက္ကူဖာထုပ် သုံးထုပ်၊ ပီနံအိတ်တစ်လုံးတို့နှင့်အတူ တွေ့ရှိရ၍ သက်ဆိုင်ရာ အမှတ်(၃)ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေခဲ့ရာ စက္ကူချပ်ဖာ သုံးထုပ်အတွင်းမှ ဆင်အရေခွံခြောက် ၃၂ ပိဿာနှင့် ပီနံအိတ်အတွင်းမှ ဆင်သားခြောက် ၅၀ ကျပ်သားတွေ့ရှိခဲ့ရ၍ ပိုင်ရှင် မှတ်ကြီး ၂၅ နှစ်(ဘ) ဦးကျောက် ဇောင်တူကျေးရွာ ပဲခူးမြို့နယ်နေသူနှင့် ယောက်ဖဖြစ်သူ အဖော် မောင်ကံ ၃၅ နှစ် (ဘ)ဦးမောင်လုံး ပျင်းမကျင်ရွာ လှည်းကူးမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့အား ပဲခူးမြို့ အမှတ်(၃)ရဲစခန်းမှု(ပ) ၃၃/၂၀၁၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၅၇၈)

ရန်ကုန်မြို့၌ မီးလောင်ကျွမ်းမှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့၌ ယခုရက်ပိုင်းအတွင်း မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ရာ ဇန်နဝါရီ ၂၃ ရက် နံနက် ၂ နာရီ ၁၃ မိနစ်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက် ကုန်းမြင့်သာလမ်း ခြံအမှတ်(၆)ရှိ ဒေးလိုက် ဇာထိုး ပန်းထိုးစက်ရုံ ပေ ၁၀၀×ပေ ၆၀ သွပ်မိုးသွပ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အအုံ၌ လျှပ်စစ်ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲကာ မီးလောင်ကျွမ်းမှုစတင်ဖြစ်ပွားသည်။

မီးလောင်မှုကြောင့် အဆောက်အအုံ၊ ဇာထိုး ပန်းထိုးစက်များနှင့် လိုက်ထရပ်ကားတစ်စီး မီးလောင်ပျက်စီးဆုံးရှုံးသွားပြီး အမျိုးသမီးငယ်နှစ်ဦး မီးဟပ်သည့် ဒဏ်ရာများရရှိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၁ ရက် နံနက် ၁ နာရီ ၅ မိနစ်ကလည်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၈) ရပ်ကွက် ရတနာလမ်း အမှတ်(၈၆) RC သုံးထပ်အဆောက်အအုံ မြေညီထပ်ရှိ ကားပစ္စည်းအရောင်းဆိုင်၌ ငွေရေစက် Safeguard အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ (ကိုကြီးသာ)

ကားတိမ်းမှောက်ရာမှ ကားထားပြီး မောင်းသူရော စီးသူပါထွက်ပြေး

မိတ္ထီလာ ဇန်နဝါရီ ၂၉

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပင်းတလဲရဲစခန်းအပိုင် လေးမျက်နှာကျေးရွာအနီးတွင် ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားနေကြောင်း သတင်းအရ ပင်းတလဲရဲစခန်းမှ စခန်းမှူး ဒုတိယရဲအုပ်အောင်ဇော်ဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် (၃၀၈/၄) အနီးတွင် ရန်ကုန်မှမန္တလေးသို့ မောင်းလာသော နီဆန်းအမျိုးအစား အနက်ရောင် ဆလွန်းကားတစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအား ကျော်တက်ကာ တိမ်းမှောက်သွားခဲ့သည်။ ပင်းတလဲရဲစခန်းမှ စခန်းမှူး ဒုတိယရဲအုပ်အောင်ဇော်ဦး ရောက်ရှိသွားစဉ် ကားနံပါတ်ပြားများ ဖြုတ်ထားပြီး ယာဉ်မောင်းသူနှင့် စီးသူပါ ထွက်ပြေးသွားကြသဖြင့် ပင်းတလဲရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ (၁၁၁)

ကြေးမုံ ကာတွန်း

မြန်မာနိုင်ငံတစ်ဝန်း ပေါင်းကူးဆက်သွယ်ပေးသည့် ရန်ကုန်-မန္တလေး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ကို ၂၀၀၅ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်အမှတ်(၃) လမ်းဆုံမှ နေပြည်တော်လမ်းဆုံအထိ အရှည် ၂၀၂ မိုင် ၁ ဖာလုံ ခရီးကို လေးနာရီခန့်ဖြင့် အရောက် သွားလာနိုင်သည်။

နေပြည်တော်-မန္တလေးလမ်းပိုင်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် စတင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ နေပြည်တော်မှ မန္တလေး လမ်းပိုင်းအထိ မိုင် ၁၅၀ ငါးဖာလုံကို သုံးနာရီခန့်ဖြင့် သွားလာနိုင်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းသည် အရှည် ၁၃ မိုင် ၅ ဖာလုံဖြစ်သည်။

အမြန်လမ်းမကြီး၏ လမ်းအထူမှာ ပထမလွှာ ခြောက်လက်မနှင့် အပေါ်လွှာ ၁၂ လက်မ စုစုပေါင်း ကွန်ကရစ် ၁၈ လက်မအထူဖြစ်သည်။ တံတားအပိုင်းတွင် တံတားရှည်ပြီး ခန်းဖွင့်ကျယ်သော သံမဏိ သံပေါင်ရက်မများ အသုံးပြုထားကာ တံတားတိုပြီး ခန်းဖွင့်ကျဉ်းတံတားများအတွက် သံကူကွန်ကရစ်ရက်မ များဖြင့် တည်ဆောက်ထားသော တံတားမျိုးစုံ စုစုပေါင်း ၁၇၂ စင်း ပါဝင်သည်။ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများတွင် စက်အား၊ လူအားဖြင့် ခင်းသည့်အပြင် လိုအပ်သောနေရာများတွင် ဓာတုဓာတ်ဆေးရည် ထည့်ပြီး ကွန်ကရစ်ဖြင့် ခံနိုင်ရည်အားကိုမြင့်အောင် ဆောင်ရွက်ခဲ့သည်။

အကျယ် ၂၅ ပေ၊ အသွားနှစ်လမ်း၊ အပြန်နှစ်လမ်း စုစုပေါင်း လေးလမ်းသွားဖြစ်ပြီး နှစ်လမ်းပေါင်း အကျယ်မှာ ပေ ၅၀ ကွန်ကရစ်လမ်းမကြီးဖြစ်သည်။ အမြန်လမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းပိုင်းနှစ်ပိုင်းခွဲကာ တာဝန်ယူဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီး ဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကလည်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ လမ်းအပိုင်းတွင် လမ်းအသုံးပြုခကောက်ခံရေးစခန်း TOLL GATE ငါးခုကိုလည်း အဆင့်မြင့်နည်းပညာသုံးပြီး ကွန်ပျူတာ များဖြင့် အသီးသီးဖွင့်လှစ်ထားသည်။ ရန်ကုန်အမှတ်(၃) လမ်းမကြီးမှ နေပြည်တော်အထိ ၂၀၂ မိုင် ၁ ဖာလုံကို Two Way, Two Lane ဖြင့် ပြည်သူများအသုံးပြုနိုင်ရန် စီစဉ်ထားသည်။

အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်များအသွားအပြန် သီးခြားစီရှိစေရေး၊ ယာဉ်ဖြတ်သန်းမှုကြောင့် အန္တရာယ်မဖြစ်စေရေးတို့အတွက် Culvert Box ၈၈၄ စင်း၊ အမြန်လမ်းမကြီးအနီး ကျေးရွာများ အချင်းချင်း ဆက်သွယ်သွားလာနိုင်ရေးအတွက် Under Pass ၇၅ စင်း၊ Rest Camp သုံးခုတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ လမ်းမကြီးတွင် စားသောက်ဆိုင်များ၊ မော်တော်ယာဉ်အလုပ်ရုံ၊ စက်သုံးဆီအရောင်းဆိုင်၊ ယာဉ်ရပ်နားနေရာနှင့် ရဲစခန်းတို့ အသီးသီးပါဝင်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အာဆီယံ စံချိန်စံညွှန်းများ နိုင်ငံတကာအဆင့်မီပုံစံများဖြင့် တည်ဆောက်ထားသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း) တစ်နေရာကို တွေ့ရစဉ်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ နေပြည်တော်အဝင် TOLL GATE ကို တွေ့ရစဉ်။

"ဒေသခံပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လူမှု
အပါအဝင် တည်ဆောက်ပေးမှုအားလုံးအတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပ

"နေပြည်တော်မှ ရန်ကုန်သို့ လေအိတ်မှန်လုံကားစီးပြီး လေးနာရီနဲ့အရောက်
သက်သာလို့ နေပြည်တော်-ရန်ကုန် ခရီးသွားတိုင်း ခရီးသွားတိုင်း စိတ်ချမ်းမြေ့နေတ

"ရုံးဌာနတွေက နေပြည်တော်မှာဆိုပေမယ့် အလုပ်ကိစ္စရှိလို့ နေပြည်တော်ကို
ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးကို ကျေးဇူးတင်ထိုက်ပါတယ်"

"ကျွန်တော်တို့ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဆိုတာ မြန်မြန်နဲ့ အခေါက်
ပို့ဆောင်ရေးလုပ်ရတာ ပိုကြိုက်ပါတယ်။ အခုဆို အမြန်လမ်းက ခရီးသည်ပိုများလာ

"ရန်ကုန်-နေပြည်တော်အမြန်လမ်း (၁၀၅)မိုင်မှာ ယာဉ်ရပ်နားစခန်းနဲ့ စာ
ခရီးသည်လည်း အနားရတဲ့အပြင် စားကောင်းသောက်ကောင်းလည်း စားရလို့ ကျေ

ကုန်-မန္တလေးအမြန်လမ်းမကြီး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် နေပြည်တော်ကို ဗဟိုပြုပြီး ဖောက်လုပ်သောလမ်းမကြီးဖြစ်၍ နေပြည်တော်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အပြန်အလှန်အချိန်တိုအတွင်း ပေါင်းစည်းဆက်သွယ်နိုင်သည့် တန်ဖိုးမဖြတ်နိုင်သော လမ်းမကြီးဖြစ်သည်။

အလယ်ရိုးမ(ပဲခူးရိုးမ)နှင့် အရှေ့ရိုးမ(ရှမ်းရိုးမ)နှစ်ခုအကြားတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ ရန်ကုန်-မန္တလေးမီးရထားလမ်း၊ ပျဉ်းမနား-တောင်တွင်းကြီး-ကျောက်ပန်းတောင်းမီးရထားလမ်းနှင့် ပျဉ်းမနား-ပင်လောင်းကားလမ်းတို့မျှသာရှိခဲ့ရာမှ ယခုအခါ နေပြည်တော်ကို ဗဟိုအချက်ပြုပြီး အရပ်ရပ်သို့ သွားလာနိုင်သည့် အမြန်လမ်းမကြီးတစ်ခု တိုးလာသည်။

နိုင်ငံတစ်ဝန်းလုံးတွင်ရှိသော ပြည်သူများအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ဝမ်းသာဂုဏ်ယူစရာ ဖြစ်သည့်အပြင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကူးလူးဆက်သွယ်ရေးတို့အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်မှုများအတွက်ပါ များစွာသော အကျိုးကျေးဇူးများရရှိသည်။

အမြန်လမ်းမကြီး အသုံးပြုလာနိုင်သဖြင့် ခရီးသွားလာမှုတွင် အချိန်ကုန်သက်သာပြီး ယင်းလမ်းမကြီးကြောင့် ဒေသ၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အခြေအနေများ ပိုမို၍ မြင်သာထင်သာစွာ တိုးတက်လာမည်ဖြစ်သည်။

အချိန်တိုတိုဖြင့် နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အပြန်အလှန်ကဏ္ဍပေါင်းစုံမှ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် ကြီးမားသော အကျိုးတရားရရှိမည်ဖြစ်သည်။

...လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ (စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း) ရှိ တံခွန်တိုင်အပိုင်းကို တွေ့ရစဉ်။

...ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်မြင့်တင်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမယ့် ဒီလမ်းပိုင်း ...မှုအားလုံးအတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်”

[အမရပူရမြို့နယ်ဒေသခံ ဦးအောင်နိုင်ဦး]

...ကုန်သို့ လေအိတ်မှန်လုံကားစီးပြီး လေးနာရီနဲ့အရောက်သွားရာမှာ ခရီးသွားရတာလည်း သက်သောင့်သက်သာရှိ၊ အချိန်ကုန်လည်း ...န်ကုန် ခရီးသွားတိုင်း ခရီးသွားတိုင်း စိတ်ချမ်းမြေ့နေတာ အမှန်ပါ”

[နေပြည်တော်ဝန်ထမ်း ဦးဌေးအောင်]

...ည်တော်မှာဆိုပေမယ့် အလုပ်ကိစ္စရှိလို့ နေပြည်တော်ကိုသွားရင် အချိန်မကုန်ဘဲ လွယ်လွယ်ကူကူနဲ့ သွားလိုက်ပြန်လိုက်လုပ်နိုင်လို့ ...လမ်းမကြီးကို ကျေးဇူးတင်ထိုက်ပါတယ်”

[လုပ်ငန်းရှင် ဦးသိန်းကြိုင်]

...ည်ပို့ဆောင်ရေးလုပ်ငန်းဆိုတာ မြန်မြန်နဲ့ အခေါက်ရေများများရရင် တွက်ခြေကိုက်လို့ အမြန်လမ်းမကြီးပေါ်မှာ ခရီးသည် ...က်ပါတယ်။ အခုဆို အမြန်လမ်းက ခရီးသည်ပိုများလာပြီး ခရီးစဉ်တိုး ဝင်ငွေတိုးလို့ အမြန်လမ်းမကြီးကို ကျေးဇူးတင်ပါတယ်”

[ယာဉ်ပိုင်ရှင် ဦးမြင့်ဝေ]

...ာ်အမြန်လမ်း (၁၀၅)မိုင်မှာ ယာဉ်ရပ်နားစခန်းနဲ့ စားသောက်ခန်းတွေ ဖွင့်ပေးထားလို့ ခရီးတစ်ဝက်မှာ ယာဉ်လည်းအနားရ၊ ...အပြင် စားကောင်းသောက်ကောင်းလည်း စားရလို့ ကျေနပ်မိပါတယ်”

[ခရီးသည် မနေဇာဇာထွန်း]

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

☆ ကျောဖုံးမှ

ဆောင်ရွက်နေခြင်းထက် လုပ်ငန်းစဉ်(၈)ရပ်လုံးကို ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါက ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် သုံးဖြုန်းသည့်စရိတ်ကို လျှော့ချပြီး ဝင်ငွေတိုးတက်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာစေပြီး ကုန်ထုတ်လုပ်သူထံမှ စားသုံးသူထံသို့ ဈေးနှုန်းသက်သာစွာဖြင့် မြန်မြန်ဆန်ဆန်ရောက်ရှိရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်တတ်သည့် လူ့အဖွဲ့အစည်းစနစ်တည်ထောင်နိုင်ရေးအတွက် သမဝါယမ နည်းလမ်းများဖြင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ လုပ်ငန်းများအဆင်ပြေရေးအတွက် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို ဖြေလျှော့ပေးခြင်း၊ ပယ်ဖျက်ပေးခြင်းနှင့် အသစ်ရေးဆွဲသင့်သည်များကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများဖြင့် ပြည်သူများအပေါ် စိတ်ကောင်းစေတနာကောင်းထားရှိပါက ပြည်သူများကလည်း ဝန်ထမ်းများအပေါ် အပြန်အလှန်ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အစိုးရသစ် လက်ထက်တွင် စိတ်သစ်လူသစ်ဖြင့် ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့တွေးခေါ်ပြီး ဆောင်ရွက်ရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမဘဏ်လီမိတက်သို့ သွားရောက်၍ ဘဏ်လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်လုပ်ထုံးလုပ်နည်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရန်၊ ငွေလွှဲ၊ ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများကို စနစ်တကျ လျင်လျင်မြန်မြန် ဆောင်ရွက်သွားရန် ဝန်ထမ်းများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းတို့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာ စိုက်ပျိုးမွေးမြူရေးစခန်းရှိ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးခြံ၊ ကြက်မွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံ၊ ငါးမွေးမြူရေးကန်၊ ဘဲမွေးမြူရေးခြံ၊ Bio gas ထုတ်လုပ်မှုနှင့် ကြက်သားပေါက်ထုတ်လုပ်မှုတို့ကို လည်းကောင်း၊ ညောင်ရွှေမြို့နယ်ရှိ ပုဂ္ဂလိကနွားမွေးမြူရေးခြံသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၁-၂၀၁၂ (တနင်္လာနေ့)

AM & PM

၅း၄၀	“သူတော်ကောင်းရတနာ(၇)ပါး”
၆း၃၀	ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
၆း၄၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၁၀၂)**
၈း၀၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညှန်ရာ” (အပိုင်း-၅၅)**
၉း၁၅	ဖောင်တော်ပေါက်ဂူမှာ လူ့မြူဝေအားလုံးချမ်းမြေ့ရပါစေ
၉း၄၅	လင်းလက်မှုများနှင့် လှပခဲ့သောည (Silver Tiger)
၁၀း၃၀	Celebrity Choice
၁၁း၀၅	Parkway Health နောက်ဆုံးပေါ် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်မှုများ
၁၁း၂၀	အရသာမှာ အကောင်းစား စင်ကာပူအသားပြား
၁၁း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားဧကရီ”(အပိုင်း-၂)**
၁၂း၂၀	ဘဝထဲက ကဗျာ ကဗျာထဲကဘဝ (ချစ်သောဌာနေ ရှမ်းတို့မြေ)
၁း၅၀	အဓိဋ္ဌာန်အောင်မြင်သည့် သစ်ပုံ့ဗုဒ္ဓရုပ်ပွားတော်
၄း၀၀	MNL MYANMAR 2012 (Chin United FC Vs Nay Pyi Taw FC) (LIVE)
၆း၁၅	Sunday Talk (ဒေါက်တာကိုကိုလွင်၊မျိုးမြတ်သူ)
၆း၅၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၁၀၃)**
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညှန်ရာ” (အပိုင်း-၅၆)**
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားဧကရီ”(အပိုင်း-၃)**
၁၂း၂၀	ကျန်းမာစေသော ပတ်ဝန်းကျင် (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာဟိန်းလတ်)
၁း၀၅	ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၂း၄၅	Shooting Location (ခင်ယုမေအိမ်)
၄း၀၅	ဆီထွက်သီးနှံများထဲမှ “ဆီအုန်း”
၄း၂၀	ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေးသည်. . .
၄း၃၅	မြေဖြူရဲ့အထင်ကရနေရာများ ဆီသို့အလည်တစ်ခေါက်

ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စာချုပ်စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသိပေးကြေညာခြင်း

မြန်မာ့တော်ဝင်ကျွန်းသစ်ကို နောင်သားစဉ်မြေးဆက်တိုင် မတိမ်ကောမပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ရန်၊ ဒေသအလိုက်သဘာဝအလျောက်ပေါက်ရောက်ဖြစ်ထွန်းသည့် သစ်မျိုးများတည်ထောင်ခြင်း အလေ့အကျင့်ရရှိစေရန်၊ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန်၊ ပြည်သူလူထု၏ သစ်လိုအပ်ချက်ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် သစ်တောကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ချမှတ်ပြီး ကျွန်းနှင့်အခြားသစ်မာမျိုးစုံ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံအုပ်ချုပ်ခွင့်ရှိသောမြေများရှိ တောနိမ့်/တောပျက်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကာလရှည်ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြေငှားရမ်းခနှုန်းထားအား တစ်နှစ်အတွက် တစ်ဧကလျှင် ငွေကျပ်-၁၀၀ိ၊ သက်သာသောနှုန်းဖြင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နိုင်မည့်သူများအတွက် အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးလျက်ရှိပါသည်။

သို့ပါသော်လည်း ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့်ရရှိသည့် အချို့သောသူများသည် အမှန်တကယ်လုပ်ကိုင်ခြင်းမရှိဘဲ မြေဦးမှုရယူသည့်သဘောမျိုးဖြင့် မြေနေရာဦး၍ လျှောက်ထားခြင်းနှင့် စီမံချက်ပါအတိုင်း လုပ်ငန်းများလုပ်ဆောင်နိုင်မှုမရှိသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးတည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိပါက နီးစပ်ရာ သစ်တောဦးစီးဌာနသို့ ဆက်သွယ်၍ အကြံဉာဏ် ရယူညှိနှိုင်းဆောင်ရွက်နိုင်ပြီး သစ်တောဦးစီးဌာနမှလည်း လိုအပ်သလို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ကျွန်းနှင့်အခြားသစ်မာမျိုးစုံ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခွင့်ရရှိထားသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများ၏ စီမံချက်ပါအတိုင်း စိုက်ပျိုးဆောင်ရွက်ပါရန်နှင့် ဖောက်ဖျက်သူများရှိပါက စာချုပ်ပါ စည်းကမ်းချက်များအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ ကုသစောင့်ရှောက်မှု ဆွေးနွေးလေ့လာ

ရေတာရှည် ဇန်နဝါရီ ၂၉

မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်များကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်ကုသခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအား ဇန်နဝါရီ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာအနီးရှိ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) ဧည့်ခန်းမရှင်းလင်းဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါက်တာဝမ်ထွန်း ဦးစီးသည့် ဆင်ဆေးကုဆရာဝန် ၁၅ ဦးနှင့် ထိုင်းနိုင်ငံမှ ဆင်ကျွမ်းကျင်သူသုံးဦးတို့ တက်ရောက်ကြပြီး မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆင်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများပြုစုကုသခြင်း အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံမှရောက်ရှိလာသော ဆင်ကျွမ်းကျင်သူသုံးဦးသည် မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ ထိန်းသိမ်းစောင့်ရှောက်ကုသခြင်းဆိုင်ရာများကို လာရောက်၍ လေ့လာခြင်းဖြစ်ပြီး တောင်ငူ(တောင်) သစ်ထုတ်လုပ်ရေးဒေသ၊ အုတ်တွင်းမြို့နယ်ရှိ မိုင်(၂၀) ဆင်စခန်း၊ တောင်ငူ(မြောက်) သစ်ထုတ်လုပ်ရေးဒေသ ဖိုးကျားဆင်စခန်း၊ ပျဉ်းမနား(တောင်/မြောက်) သစ်ထုတ်လုပ်ရေးဒေသများရှိ ဆင်စခန်းများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၇၈)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မယုဇင်ဇင်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူကိုယ်စား အင်္ဂလိပ်ဘာသာရပ်မှူးဆရာမဒေါ်စန်းစန်းမြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံပြပွဲ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ ပြပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ASIA PLAZA HOTEL ၌ ကျင်းပရာ အားကစားပြိုင်ပွဲ ဓာတ်ပုံပြပွဲ စီစဉ်သူ Xenon Inkjet Printing Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမင်းဦးက ဓာတ်ပုံပြပွဲစီစဉ်ရခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရွှေတံဆိပ် သုံးဆုရှင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားမယ် မအောင်ငိုမ်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဓာတ်ပုံပြပွဲကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီပေးကြသော ကုမ္ပဏီများဖြစ်ကြသည့် ASIA PLAZA HOTEL ဉက္ကဋ္ဌ ဦးမောင်မောင်၊ Myanmar Distribution Group၊ Myanmar Olympic Committee၊ Myanmar Tourism Service Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးလင်းထိန်၊ Nature Link Travels & Tours Co.,Ltd. မှ လက်ထောက်မန်နေဂျာ ဦးဇင်ကိုလတ်နှင့် Youth Force Group of Companies နှင့် Xenon Inkjet Printing Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမင်းဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များက ရွှေတံဆိပ်ဆုရှင် အားကစားသမားများအား ဓာတ်ပုံရိုက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ မြန်မာ အားကစားအဖွဲ့ဝင်များ ဝင်ရောက်ယှဉ်ပြိုင်မှု လျှပ်တစ်ပြက်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာအားပေးကြသူများ၊ အားကစားဝါသနာရှင်များနှင့် ဓာတ်ပုံဝါသနာရှင်များအား ဗလာမပါကံစမ်းမဲများနှင့် ဗန်ကောက်ခရီးစဉ်၊ ချောင်းသာခရီးစဉ်နှင့် မြန်မာပြည်အနှံ့ဘုရားဖူးခရီးစဉ်များအား ထည့်သွင်းကံစမ်းမဲဖောက်ပေးလျက်ရှိပြီး ကံစမ်းမဲပေါက်သူများအား စရိတ်ငြိမ်းပို့ဆောင်ပေးမည် ဖြစ်ကြောင်း၊ ယင်းဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၃၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ASIA PLAZA HOTEL ၌ ခင်းကျင်းပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၁ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၅၅၃ ပါး၊ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ်နှစ်ပါး၊ ပထမပြန်စာမေးပွဲအထူးအောင်ပုဂ္ဂိုလ် ၁၂ ပါး၊ နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ် ၂၄ ပါး၊ အဘိဓမ္မာ ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ (ပထမ၊ ဒုတိယ၊ တတိယ) ရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်) (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြရန်နှင့် ဖေဖော်ဝါရီ ၁၇ ရက် ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။ (သတင်းစဉ်)

အသင်းပေါင်း(၂၀) အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့တဲ့ မိတ္ထီလာ နှစ်ပတ်လည် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် ဇန်နဝါရီ ၂၉

မိတ္ထီလာဂေါက်သီးရိုက်အသင်း၏ ၂၀၁၂ ခုနှစ် နှစ်ပတ်လည် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲအား Dagon Beverages ကုမ္ပဏီလီမိတက်၊ ကောင်းမြတ်ကုမ္ပဏီလီမိတက်၊ Air Bagan Ltd.၊ Nivea နှင့် KTM သောက်ရေသန့်တို့၏ ကူညီပံ့ပိုးမှုများနှင့်အတူ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်နေ့များတွင် မိတ္ထီလာလေတပ်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦး၊ တောင်သာ၊ မလှိုင်၊ နွားထိုးကြီး၊ ကျောက်ဆည်၊ ရမည်းသင်း၊ သာစည်၊ ဝမ်းတွင်းနှင့် မိတ္ထီလာမြို့နယ်များမှ အားကစားသမား ၂၀၀ ကျော် အသင်းပေါင်း ၂၀ လာရောက်ယှဉ်ပြိုင်ခဲ့သည်။ အတန်းလိုက်ပြိုင်ပွဲတွင် ရွှေတန်း ပထမ ဦးဇော်ဇော်၊ ဒုတိယ ဦးအောင်ကျော်စိုး၊ တတိယ ဦးတင်အောင်၊ ငွေတန်း ပထမ ဦးကျော်လင်း(ရေခဲ)၊ ဒုတိယ ဦးကျော်မင်းထွန်း၊ တတိယ ဦးကောင်းမြတ်ဦး၊ ကြေးတန်း ပထမ ဦးနေလင်း၊ ဒုတိယ ဗိုလ်ကြီးရန်နိုင်စိုး၊ တတိယ ကိုပြည်စိုး၊ သက်ကြီးတန်း ပထမ ဦးခင်မောင်ထူး၊ ဒုတိယ ဦးကြည်မောင်၊ တတိယ ဦးဖိုးနီ၊ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ပထမ မမြင့်မြင့်သိန်း၊ ဒုတိယ ဒေါ်ခင်ဌေးရီ၊ တတိယ မနှင်းမာလာနှင့် အသင်းလိုက်ပြိုင်ပွဲတွင် MAJESTY (မိတ္ထီလာ)အသင်းက ပထမ၊ ပခုက္ကူ(ခ)အသင်းက ဒုတိယဆုများ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း (UMTA) ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၂၈ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းဉက္ကဋ္ဌ ဦးမောင်မောင်ဆွေက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းဒုတိယဉက္ကဋ္ဌ (၁) ဦးသက်လွင်တိုးက အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြပြီး ဘဏ္ဍာရေးမှူး ဒေါ်ရီတာမြင့်က ၂၀၁၀-၂၀၁၁ ခုနှစ် အသင်း၏ ရသုံးငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးတင်ထွန်းအောင်က တင်ပြချက် အဆိုများနှင့် အထွေထွေကိစ္စများကို ရှင်းလင်းတင်ပြပြီး အသင်းဉက္ကဋ္ဌ ဦးမောင်မောင်ဆွေက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့ မြို့ဟောင်းအရှေ့ ရပ်ကွက် ဘုံပျံအမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပညာရေးငွေပဒေသာပင်ဖောင်ဒေးရှင်းသို့ ကိုရဲ-မထားထားဟန်(သမီး) ချမ်းမြေ့တွယ်တာခိုင် မိသားစုက အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ ခရိုင်သာသနာနုဂ္ဂဟ အသင်းဉက္ကဋ္ဌ ဦးသိန်းဇော်လေး လက်ခံစဉ်။ (ကြေးမုံ)

○ မကွေးအသင်းမှ

(အောင်ဆန်းကွင်း)

မကွေး - တစ်ဂိုး

(ကိုနေး)

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

သုံးပွဲဆက်သရေကျထားသည့် မကွေးအသင်းမှာ ကွင်းလယ်လူ ကိုနေးရဲ့ဂိုးနဲ့ ပထမဆုံးနိုင်ပွဲရသွားသည်။ မကွေးအသင်းမှာ ပြည်တွင်းအမာခံကစားသမားများ ရာသီမစမီက ထွက်ခွာသွားသောကြောင့် အားပျော့နေခဲ့ပြီး ယခုပွဲအနိုင်ရရှိရန် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ပွဲစကတည်းက မကွေးတို့ ဂိုးရရန် တိုက်စစ်ဆင်ကစားနေသော်လည်း ဇွဲကပင်နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ရာသီကြို ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ဇွဲကပင်အသင်းမှာလည်း ထင်တိုင်းမပေါက်သေးဘဲ ရှုံးပွဲဆက်ခဲ့ရသည်။ မကွေးအတွက် အနိုင်ဂိုးကို ၄၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့် ကိုနေးက ခေါင်းတိုက်သွင်းယူခဲ့သည်။

(YUSC ကွင်း)

ဇေယျာရွှေမြေ - ဂိုးမရှိ

မောရဝတီ - ဂိုးမရှိ

(ပဒုမ္မာကွင်း)

ရက္ခပူရယူနိုက်တက် - နှစ်ဂိုး

(အောင်စိုးမိုးနှင့် အဲလက်စ်)

Southern - ဂိုးမရှိ

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ချင်းယူနိုက်တက်-နေပြည်တော်

နိုင်ငံတကာအားကစားသတင်း

ဘောလုံးလောက သတင်းတိုများ

◆ *စပါးအသင်းနည်းပြ ဟယ်ရီရက်နပ်က ဇန်နဝါရီ ၃၁ ရက် (အင်္ဂါနေ့)ညပိုင်း အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ မည်သည့်ကစားသမားကိုမှ ခေါ်ယူစာချုပ်ချုပ်ဆိုရန် မျှော်လင့်ထားခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ သို့သော် ဘလက်ဘန်းအသင်းမှ ခရစ္စတိုဖာဆမ်ဘာနှင့် မာဆေးလ်အသင်းတိုက်စစ်မှူး ရမ်မီတို့အပါအဝင် နာမည်ရကစားသမားများကလည်း ချိတ်ဆက်ထားမှုများ ပြုလုပ်ခဲ့သော အသင်းဖြစ်သည်။*

◆ *ဘလက်ပူးလ်အသင်းသည် ဝီဂန်အသင်းမှ နိုအူဟာဒစ်ကိုအား ယခုနှစ်ဘောလုံးရာသီအကုန်အထိ အငှားခေါ်ယူလိုက်ပြီဖြစ်သည်။ အဆိုပါ ပြင်သစ်နိုင်ငံသားလေးသည် (၁၉)နှစ်အရွယ်သာရှိသေးပြီး ယမန်နှစ်နွေရာသီက DWကွင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဘလက်ပူးလ်အသင်းသို့ ဒစ်ကိုရောက်ရှိလာခြင်းမှာ ၎င်းအတွက် အခွင့်အရေးကောင်းတစ်ခု ဖြစ်သလို အသင်းအတွက်လည်း သတင်းကောင်းကိုဖန်တီးပေးနိုင်မည်ဟုဆိုသည်။*

◆ *လာဇီယိုအသင်းက အေစီမီလန်အသင်းမှ ပီပိုအင်ဇာဂီအား မျက်စိကျနေကြောင်းနှင့် အဆိုပါ အေစီမီလန် ကစားသမား အင်ဇာဂီမှာ ယခုနှစ်ဘောလုံးရာသီအတွင်းတွင် အသင်းအတွက် ကွင်းထဲ၌ ပါဝင်ကစားနေသည်ဟု ဆိုရုံမျှသာဖြစ်ခဲ့သော ကစားသမားဖြစ်သည်။*

◆ *အူဒီးနီးစ်အသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ကွင်းလယ်ကစားသမား ပါဇီရန်ဇာအား နောက်ကျကမ်းလှမ်းမှု တစ်ရပ်လုပ်ဆောင်လျက်ရှိပြီး အဆိုပါ ဂျူဗင်တပ်စ်ကစားသမားအား ခေါ်ယူနိုင်ရေးအတွက် အူဒီးနီးစ်အသင်းက စောင့်ကြည့်လျက်ရှိသည်ဟုဆိုသည်။*

◆ *လီဗာပူးအသင်းသည် ဝါဒါဘရီမင် တောင်ပံကစားသမား မာကိုမာရင်နှင့် ဒေ့ါမွန်အသင်းမှ တိုက်စစ်မှူး ဘရီယိုတို့အား စိတ်ဝင်စားလျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် စာချုပ်တစ်ရပ်ပြန်လည်ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်းသိရသည်။*

အင်တာနက်။

နိုင်လင်းကြည်

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

အောဝမ်းစိုး

မိုက်ကယ်ဂျက်ဆင်အမှတ်တရပွဲသို့ တက်ရောက်ခဲ့သည့် ဂျက်စတင်ဘီဘာ

ဆယ်ကျော်သက် အမျိုးသမီးငယ် ပရိသတ်များ၏ အထူးနှစ်သက်အားပေးခြင်းခံနေရသော ကမ္ဘာကျော်ဂီတငွေကြယ်ပွင့် ဂျက်စတင်ဘီဘာသည် ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သော ကွယ်လွန်သူ ကမ္ဘာကျော်ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင် အမှတ်တရပွဲအခမ်းအနားတွင် မိုက်ကယ်ဂျက်ဆင်၏ သားသမီးသုံးဦးနှင့်အတူ တက်ရောက်ခဲ့ပြီး မိုက်ကယ်ဂျက်ဆင်၏ သီချင်းတစ်ပုဒ်ကို သီဆိုဖျော်ဖြေပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

Never Say Never တေးသီချင်းအဆိုတော် လူငယ်ဂီတသမား ဂျက်စတင်ဘီဘာသည် လော့စ်အိန်ဂျလိစ်မြို့ Grauman's Chinese Theater ၌ ကျင်းပခဲ့သော အဆိုပါအခမ်းအနားတွင် မိုက်ကယ်ဂျက်ဆင်၏ Rockin' Robin တေးသီချင်းကို သီဆိုဖျော်ဖြေပေးခဲ့သည်။ ယင်းအခမ်းအနားသို့ မိုက်ကယ်ဂျက်ဆင်၏ သားသမီးများ ဖြစ်ကြသည့် ပရင့်စ်(၁၄)နှစ်၊ ပဲရစ်(၁၃)နှစ်နှင့် ဘလန်ကတ်ဟု လူသိများသည့် အသက်ကိုးနှစ်အရွယ် ဒုတိယမြောက် ပရင့်စ်မိုက်ကယ်တို့လည်း တက်ရောက်ခဲ့သည်။

ဂျက်စတင်ဘီဘာက အနုပညာလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သော ပဲရစ်ကို ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့ပြီး မိုက်ကယ်ဂျက်ဆင်သည် ထင်ထားသည်ထက် ပိုမိုစွမ်းဆောင်နိုင်သော ပါရမီရှင်အဆိုတော်တစ်ဦးဖြစ်ကြောင်း၊ မိုက်ကယ်သည် ကြင်နာတတ်ပြီး မေတ္တာ ကရုဏာနှင့် ပြည့်စုံသူတစ်ဦးဖြစ်ကြောင်း၊ မိုက်ကယ်၏ ဆွဲဆောင်မှုရှိသော သီဆိုဟန်နှင့်အကအလှများကို ၎င်း၏ ပရိသတ်များက အမြဲသတိရနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ပဲရစ်နှင့် ဂျက်စတင်ဘီဘာ

အင်တာနက်။

"မီး" ဘေးအန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချသူများ အနေဖြင့် အောက်ဖော်ပြပါအချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ စက်သုံးဆီသိုလှောင်ကန်/သိုလှောင်ရုံများနှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်ရှိရမည်။

၂။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများနှင့် ပတ်သက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိရမည်။

၃။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက် စနစ်တကျရေးဆွဲထားပြီး အနည်းဆုံး တစ်လတစ်ကြိမ် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရမည်။

၄။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာ ထားရှိရမည့်အပြင် ဝန်ထမ်းများ စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် အခြေခံမီးသတ်သင်တန်း တက်ရောက်ထားရမည်။

၅။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းဝင်းအတွင်း မီးလောင်လွယ်စေတတ်သော ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခြင်း ရှိ၊ မရှိအား စစ်ဆေးကြပ်မတ်ရန်အတွက် လုံခြုံရေးဝန်ထမ်းများထားရှိ တာဝန်ပေးအပ်ထားရမည်။

၆။ အဆောက်အအုံများနှင့် သိုလှောင်ကန်များတွင် မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲများ စနစ်တကျ တပ်ဆင်ထားရမည်။

၇။ သတ်မှတ်အရည်အသွေးပြည့်မီသည့် ပိုက်၊ ပိုက်ဆက်ပစ္စည်း၊ ဘား၊ ပန့်၊ ပန့်တိုင်နှင့် ဆီချပိုက်များကို တပ်ဆင်အသုံးပြုရမည်။ ဆက်သွယ်ထားသည့် ပိုက်လိုင်းများသည် စက်သုံးဆီနှင့် ဆီငွေ့များ ယိုစိမ့်မှုနှင့် လုံခြုံစိတ်ချရမှုရှိရမည်။

၈။ လျှပ်စစ်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ တပ်ဆင်သုံးစွဲရမည်။

၉။ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် ဆီတင်ယာဉ် ဆီဖြည့်သည့်နေရာ (Bowser Filling Shed)သီးသန့်ဆောက်လုပ်၍ စနစ်တကျဆောင်ရွက်ရမည်။

၁၀။ ပီပါဖြင့် ဖြန့်ဖြူးရောင်းချပါက ပီပါဆီဖြည့်ရုံ(Drum Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းချရမည်။

၁၁။ မြစ်ကမ်းနဖူးတွင် တည်ဆောက်ထားသော စက်သုံးဆီသိုလှောင်ကန်စခန်းဖြစ်ပါက ဆီတင်/ဆီချ ဆိပ်ခံ၊ ဆိပ်ခံတံတား၊ ဆီတင်/ဆီချပန့်များ၊ ပိုက်လိုင်းများ၊ ဆီချပွိုင့်၊ ဆီဖြည့်ပွိုင့်နှင့် စက်သုံးဆီ လက်ခံသိုလှောင်ဖြန့်ဖြူးမည့် သံကန်များ စနစ်တကျ တည်ဆောက်တပ်ဆင်အသုံးပြုရမည်။

၁၂။ ဆီတင်ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ သတ်မှတ်ပါရှိရမည့် ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရမည်။

စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ

ဒီကနေ့ပို့ချမှာကတော့ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့အကြောင်းအရာတွေဖြစ်တယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်းပထဝီဝင် သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်းပါဝင်တယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့လျားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

ကမ္ဘာပေါ်ရှိဒေသကြီးများနှင့် နိုင်ငံများရဲ့ သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးတို့ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ သြစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်းထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများလေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က)ဓမ္မဓိဌာန်၊ အပိုင်း(ခ)သဘာဝပထဝီဝင်၊ အပိုင်း(ဂ)စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့် (စ)မှာ မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း(၆)ပုဒ်ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ **ဖြေဆိုချိန် (၃) နာရီ** ဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ **(၁၀၀)** ဖြစ်တယ်။

အပိုင်း(က) ဓမ္မဓိဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်းများဆိုပြီး စုစုပေါင်း(၃)ပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ရွေးပြီး (၁၅)မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ အကယ်၍ မှတ်စုတိုမေးခွန်းကိုဖြေဆိုလျှင် နှစ်သက်ရာ မှတ်စုတို (၂)ပုဒ်ကိုဖြေဆိုနိုင်တယ်။ ဒီလိုပဲ **အပိုင်း(ဂ)၊ (ဃ)၊ (င)** တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်းအမှတ် (၆၀) ပေးထားတယ်။

လက်တွေ့ပထဝီဝင် အပိုင်း(စ) မေးခွန်း ၁၄(က) မှာ ၁၀မှတ်နှင့် ၁၄(ခ)အတွက် (၁၅)မှတ်ဆိုတော့ စုစုပေါင်းပေးမှတ် (၂၅) မှတ်ဖြစ်ပြီး ဓမ္မဓိဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။

မေးခွန်းမှာသင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကို မြေပုံနှင့်တကွ မှန်မှန်လေ့ကျင့်ထားရပါမယ်။ သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့ အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီးဖြေဆိုနိုင်တယ်။

ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ သြစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကိုသိရမယ်။ ဓမ္မဓိဌာန်များကိုလည်း ဒီအပိုင်းများမှသိသင့်တဲ့ အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကိုသတိပြုပါ။

ဒါ့အပြင် ကမ္ဘာ့နိုင်ငံများပထဝီဝင်နှင့် ကွန်တိုမြေပုံလေ့လာဖြေဆိုရန်အတွက် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်ဆိုပြီးခွဲခြားလေ့လာ မှတ်သားသင့်တယ်။ **ရူပပထဝီဝင်အပိုင်း**မှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ **သဘာဝပထဝီဝင်**မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိ သာပါဝင်တယ်။ **လူမှုရေးပထဝီဝင်**မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ရွာပျံ့နှံ့တည်ရှိမှုများပါဝင်တယ်။ **စီးပွားရေးပထဝီဝင်**မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်း တူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးများပါဝင်တယ်။ **စီးပွားကုန်ထုတ်လုပ်ငန်း**မှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာစကေးနဲ့ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ -ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင် မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှ အကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) **စာစကေး** (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) **အချိုးစကေး** (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) **ပုံပြစကေး** (ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကိုအဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ **စကေးစိပ်/အပြည့်စကေး** နှင့် **စကေးကျဲ/အဖွင့်စကေး**တို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ **တွက်ချက်ရန်နဲ့ ဆွဲသားရန်**ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့် မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန် အောင်ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ကောင်းကင်ဓာတ်ပုံလေ့လာပြန်ဆိုခြင်းအခန်းမှာပါဝင်တဲ့
ကောင်းကင်ဓာတ်ပုံစကေးများရှာရာမှာ
(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း
(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း
(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဟူ၍နည်း(၃)နည်းရှိသည်။

(၁)ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်တို့ကိုအချိုးဖြင့် စကေးရှာနည်းမှာ

အသုံးပြုရမည့်ပုံသေနည်း(က)မှာ

$$\text{Scale or RF} = \frac{f}{H}$$

အသုံးပြုရမည့် ပုံသေနည်း(ခ)မှာ

$$\text{Scale or RF} = \frac{f}{(A-h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (Altitude)နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain)

H ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ ။ ကင်မရာဆုံတာ ၆လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက် **အမြင့်ပေ**ကို ရှာပါ။

တွက်နည်း

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF) = ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (H) = ?

အသုံးပြုသောပုံသေနည်း $RF = \frac{f}{H}$

H = ၆ ×၆၀၀၀

= ၃၆၀၀၀ လက်မ / ၁၂ လက်မ

H = ၃၀၀၀ ပေ

အဖြေ= လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)မှာ လေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းတဲ့ အမြင့် (A)မှ ကုန်းမြေအမြင့် (h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကိုရနိုင်ပါသည်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှ ပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

တွက်နည်း

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ
ကင်မရာဆုံတာ (f) = ၆လက်မ
တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ
ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?



အသုံးပြုသောပုံသေနည်း

$$\textbf{Scale or RF} = \frac{f}{(A-h)}$$

$$\text{RF} = \frac{\text{၆ လက်မ}}{\text{၁၂၀၀၀-၁၅၀၀ ပေ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၀၅၀၀×၁၂လက်မ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$$

$$= \frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$$

RF = ၁ း ၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် ပုံသေနည်းကတော့

$$\textbf{Scale or RF} = \frac{PD}{GD}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)နဲ့
GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်ထဲ့ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသောဓာတ်ပုံ၏ စကေးမှာ ၁း၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

တွက်နည်း

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) - ၁း၁၂၀၀၀
မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD - ?

အသုံးပြုသောပုံသေနည်း

$$\text{RF} = \frac{\text{PD}}{\text{GD}}$$

$$\text{PD} = \text{GD} \times \text{RF}$$

$$\text{PD} = (\text{၃၀၀၀} \times \text{၁၂}'') \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$\text{PD} = \text{၃၆၀၀၀}'' \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

PD = ၃ လက်မ
အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ ပုံသေနည်းကတော့

$$\textbf{Scale or RF} = \frac{PD}{MD} \times \textbf{Map Scale}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)
MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး (Map Distance) နဲ့
Map Scale ဆိုတာကတော့ မြေပုံစကေး ဖြစ်တယ်။

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး၊ ယင်းမြေပုံ၏ စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မဖြစ်လျှင်၊ ဓာတ်ပုံ၏ စကေးကိုရှာပါ။

တွက်နည်း

မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ
မြေပုံ၏စကေး MS = ၁း၅၀၀၀
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ
ဓာတ်ပုံ၏စကေး RF = ?





အသုံးပြုသောပုံသေနည်း

$$\text{RF} = \frac{\text{PD}}{\text{MD}} \times \text{MS}$$

$$= \frac{\text{၄}}{\text{၁၂}} \times \frac{\text{၁}}{\text{၅၀၀၀}}$$

$$= \frac{\text{၄}}{\text{၆၀၀၀၀}}$$

$$= \frac{\text{၁}}{\text{၁၅၀၀၀}}$$

အဖြေ = ဓာတ်ပုံ၏စကေး ၁ း ၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့ သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကို သိထားရမယ်။ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာသုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ (ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဇရိယာနဲ့ လတ္တီကျူ၊ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့ မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်နှင့် စီးပွားကုန်ထုတ်လုပ်ငန်းများ စသဖြင့်ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာ ရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့် ပေါ်လွင်စေရန် **၅ဆ**အထိချဲ့သင့်တယ်။ အလျားလိုက် စကေး ၁လက်မ = ၁ မိုင်ပေါ်မူတည်ပြီး ဒေါင်လိုက် စကေး ၅ ဆချဲ့သော်

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် ၅၂၈၀ ပေ

$$\text{၁ လက်မပေါ်မှာပြန်ရှာရင်} = \frac{\text{၁} \times \text{၅၂၈၀}}{\text{၅}} = \text{၁၀၅၆ ပေ}$$

ရလာသောအဖြေကိုပုံဆွဲရာ၌ လွယ်ကူအောင်အနီးဆုံးကိန်းပြည့် **၁၀၀၀ ပေ** ကို ယူရမယ်။ ထို့ကြောင့် **ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ** ရလာမယ်။ ရရှိလာသောအဖြေကိုအသုံးပြု၍ ပေးထားသောဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကိုစကေးကိုက် ရေးဆွဲပေးရမယ်။ ဤနည်းသည် ပုံသေနည်းကဲ့သို့ မည်သည့်စကေးကိုမဆို တွက်နိုင်ရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်မှာ

၁။ ပထမဦးဆုံးပေးထားသော ကွန်တိုမြေပုံပေါ်ရှိ(က)အမှတ်နှင့်(ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။



၂။ 'က'နှင့်'ခ' ဖြတ်သန်းရာမျဉ်းတစ်လျှောက်ရှိကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။



ဤသို့မှတ်သည့်အခါ ပေးထားသော ကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမည်။

၃။ 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

၄။ ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားအလိုက် မျဉ်းကြောင်းကိုတိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း နှင့် 'ခ'နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းဆွဲပါ။

၅။ ခေါက်ထားသောကွန်တိုမြေပုံစာရွက်ကို မှတ်သားထားသည်ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် 'က' 'ခ' အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍မှတ်ပါ။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

◯ စာမျက်နှာ ၁၆ မှ



၆။ မှတ်ထားသောအစက်များကို ပြေပြစ်သည့် မျဉ်းကြောင်းများဖြင့် ဆက်လိုက်လျှင် လိုအပ်သော ဖြတ်ပိုင်းပုံကိုရလာမယ် ။

၇။ ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်၌ရှိသော နေရာအမြင့်များ၌ မှန်အောင်ရေးရန်လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင် ဇလားပုံ၊ ချောင်းငယ်များ၏နေရာတွင် V ပုံသဏ္ဍာန် အနည်းငယ်ချိုင့်ပေးရမည်။ ပုံတွင်ထင်ရှားသော မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်းစသည့် နေရာများကို များများပြပြီး ဖော်ပြရမည်။

၈။ ကုန်းမြေကိုလည်း အနက် (သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်သည်။

၉။ ပုံ၏အပေါ်တွင်ခေါင်းစဉ်တပ်ပြီးပုံ၏ အောက်တွင်အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံး ဖော်ပြရမည်။



ဆက်လက်ပြီးပေးထားတဲ့ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။

ဖော်ပြပါ မြေပုံသည် မုံရွာမြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်တယ်။ 'က' အမှတ်အသားသည်ဒေသ၏ **အနောက်တောင်**ဘက်တွင်ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏ **အရှေ့**ဘက်တွင်ရှိသည်။

ဒါကြောင့် 'က'မှ 'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် ဖော်ပြပါအတိုင်းတွေ့ရမည်



'က'နေရာသည် အမြင့်ပေ ၄၀၀ အောက်၌ရှိပြီး **အရှေ့**ဘက်ရှိ 'ခ'သို့ ဆက်ဆွဲရာ ပေ ၃၀၀နှင့် ပေ၇၀၀ကြား ကွန်တိုမျဉ်းများနှင့် ချင်းတွင်းမြစ်၊ မုံရွာမြို့များကိုဖြတ်သန်းပြီး 'ခ' အမှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၃၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

<u>မြေပုံပါဒေသ၏ ရူပပထဝီဝင်</u>
<u>တည်နေရာနှင့်အကျယ်အဝန်း</u>

မြေပုံပါဒေသသည်မြောက်လတ္တီကျု ၂၂ ၄' နှင့် ၂၂ ၉'အတွင်းနှင့် အရှေ့လောင်ဂျီကျု ၉၅ ၄' နှင့် ၉၅ ၉' အတွင်း တည်ရှိသည်။ ပုံတွင်မုံရွာမြို့ကိုတွေ့ရခြင်း၊ ချင်းတွင်းမြစ်နှင့် ဘုတလင်မှ စစ်ကိုင်းသို့ သွားသော ကားလမ်း၊ ရထားလမ်းများ တွေ့ရှိရခြင်းကြောင့် စစ်ကိုင်းတိုင်းတွင် တည်ရှိသည်။

မြေပုံ၏အလျား ၄. ၂၅ လက်မ နှင့် အနံ ၄. ၅ လက်မရှိ၍ မြေပုံ၏စကေးမှာ ၁လက်မလျှင် ၁မိုင် ဖြစ်၍ မြေပုံပါ ဒေသသည် ၁၉. ၁၃ **စတုရန်းမိုင်**ကျယ်ဝန်းသည်။

<u>မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း</u>

ပုံတွင် တောင်ကုန်းများရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်ပိုင်းဟူ၍ နှစ်ပိုင်းတွေ့ရသည်။ တောင်ကုန်းတည်ရှိရာအပိုင်းကိုမြေပုံ၏အနောက်တောင်ပိုင်းတွင်တွေ့ရပြီး လက်ပံတောင်းတောင်၏ အမြင့်ဆုံးအပိုင်းမှာ ၁၀၅၇ ပေမြင့်သည်။ တောင်ကုန်းငယ်နှစ်ခုပါဝင်သည့် ယင်းတောင်တွင် အရှေ့ဘက်ရှိတောင်မှာ ပေ၉၀၀ကျော်မြင့်ပြီး အရှေ့ဘက်တွင် ဆင်ခြေလျှောပြေပြစ်သည်။ ယင်းမာပင် သွားသည့်ကားလမ်း၏ မြောက်ဘက်နှင့် ယမားချောင်းအနီးတို့တွင်လည်း ပေ ၅၀၀ကျော်မြင့်သည့် တောင်ကုန်းငယ်များတွေ့ရသည်။

မြေပြန့်လွင်ပြင်ပိုင်းသည်မြေပုံပါဒေသ၏ ၃/၄ ကျော်ကျယ်ဝန်းပြီး ယင်းမြေပြန့်လွင်ပြင်၏ အလယ်တွင် ချင်းတွင်းမြစ်ဖြတ်သန်းစီးဆင်းနေသည်။ လွင်ပြင်သည် ပေ ၃၀၀ အောက်နိမ့်သော မြစ်ဝှမ်းလွင်ပြင်ဖြစ်ပြီး အလယ်ပိုင်းရှိ ချင်းတွင်းမြစ်ဘက်သို့ နိမ့်ဆင်းသွားသည်။

အဓိကရေဆင်းမှာ ချင်းတွင်းမြစ်ဖြစ်ပြီးဒေသ၏ အနောက်မြောက်မှ အရှေ့တောင်သို့ ဖြတ်သန်းစီးဆင်းသည်။ ချင်းတွင်းမြစ်သည် တစ်နှစ်ပတ်လုံးရေစီးဆင်းပြီး နွေရာသီတွင် မြစ်လယ်၌ ကျွန်း၊ သဲသောင်များပေါ်ထွန်းသည်။ အနောက်ဘက်မှ ယမားချောင်းနှင့် ချောင်းငယ်များ ချင်းတွင်းမြစ်အတွင်း စီးဝင်သည်။ ယမားချောင်းမှာ သဲပိတ်ချောင်းဖြစ်သည်။

<u>အောက်ခံကျောက်</u>

အလယ်ပိုင်းချိုင့်ဝှမ်းတွင်ပါဝင်၍ အောက်ခံကျောက်မှာ သက်နုကျောက်အမျိုးအစားဖြစ်သည်။ ပုံတွင်ပါရှိသည့် လက်ပံတောင်းတောင်မှ ကြေးနီသတ္တုကိုတူးဖော်ရရှိသည်။

<u>ရာသီဥတု</u>

မြောက်လတ္တီကျု ၂၃½ အတွင်း တည်ရှိခြင်း၊ ပေ၃၀၀၀ အောက်နိမ့်သောဒေသဖြစ်ခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၏တောင်ပိုင်းတွင်တည်ရှိခြင်းကြောင့် အပူချိန်များသည်။ ပင်လယ်နှင့် အလှမ်းဝေး၍ အပူချိန် ကွာခြားချက်များသည်။ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြစ်ချောင်းနည်းခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း၏ တစ်စိတ်တစ်ဒေသဖြစ်ခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုရရှိသည်။

<u>သဘာဝပေါက်ပင်</u>

အပူချိန်များပြီး မိုးနည်းသည့်မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ပါဝင်၍ ရွက်ပြတ်တောများ၊ ခြောက်သွေ့တောများ ပေါက်သည်။ ထန်း၊ ဆီးပင်၊ ထနောင်းပင်၊ ဆူးချုံတော၊ သနပ်ခါးပင်များ ပေါက်သည်။

<u>မြေဆီလွှာ</u>

အပူချိန်များပြီးမိုးနည်း၍တောင်ကုန်းများပေါ်တွင် မြေနီသဲဝန်း၊ မြေဝါသဲဝန်းများတွေ့ရှိနိုင်ပြီး မြေပြန့်လွင်ပြင်တွင် စနယ်မြေနှင့် မြစ်ချောင်းများ၊ ကျွန်းများပေါ်တွင် သဲမြေများ တွေ့နိုင်သည်။

မြေပုံပါဒေသ၏ လူမှုရေး ပထဝီဝင်ကိုလေ့လာကြည့်မယ်ဆိုလျှင်

ပုံတွင်စစ်ကိုင်းတိုင်းဒေသကြီး၏အဓိကမြို့ဖြစ်သည့် မုံရွာမြို့နှင့်ကျေးရွာကြီးများကို ချင်းတွင်းမြစ်ကမ်းအနီးနှင့် ကားလမ်း၊ ရထားလမ်းအနီးတို့တွင် တွေ့ရှိရ၍ လူနေများသောဒေသ ဖြစ်တယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတည်ရှိ၍ ဗမာလူမျိုးအများဆုံးနေထိုင်ပြီး ချင်းလူမျိုးနှင့် အခြားအနွယ်များလည်းနေထိုင်သည်။ ဗုဒ္ဓဘာသာကိုအဓိကကိုးကွယ်ပြီး အခြားဘာသာဝင်များလည်း ရှိတယ်။

မုံရွာမြို့သည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင်တည်ရှိပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းရှိ ဒေသများကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ဆက်သွယ်ပေးသည့် အဓိကမြို့ကြီးဖြစ်သည်။ ကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေယာဉ်လမ်းများစုဆုံပြီး စီးပွားရေးအခြေခံကောင်းများရှိခြင်းကြောင့် လူနေထိုင်မှုသိပ်သည်းသည့် ကူးသန်းရောင်းဝယ်ရေးမြို့ကြီးဖြစ်သည်။ လယ်တီ၊ ညောင်ပင်ကြီးတို့မှာ ဒေသတွင်းထင်ရှားသည့်ရွာကြီးများဖြစ်ကြသည်။ မုံရွာမြို့နှင့် ကျေးရွာအများစုသည် စုစည်းသော (ရွာစုရွာဝိုင်း) ပုံရှိသည်။

<u>စီးပွားရေးပထဝီဝင်တွင်</u>
<u>စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအနေဖြင့်</u>

ဒေသသည်အပူချိန်များပြီး မိုးရေချိန်နည်းသဖြင့် မြေပြန့်လွင်ပြင်ပေါ်ရှိ ယာမြေများတွင် နှမ်း၊ မြေပဲ၊ ဝါ၊ ပဲအမျိုးမျိုး၊ ဂျုံ၊ ငရုတ်တို့ကိုစိုက်ပျိုးသည်။ ရေသွင်းနိုင်သောဒေသများတွင်စပါးစိုက်ပျိုးသည်။ မြစ်ချောင်းတွင်းသဲသောင်နှင့် ကျွန်းများပေါ်တွင် ကိုင်းကျွန်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည်။ စိုက်ပျိုးရေးနှင့် တွဲဖက်၍ နွား၊ ကြက်၊ ဝက်၊ ဆိတ်၊ သိုးတို့ကို မွေးမြူသည်။

ရေလုပ်ငန်းအနေဖြင့် ဒေသတွင်းစားသုံးရန် ချင်းတွင်းမြစ်နှင့် ချောင်းများမှ ရေချိုငါးဖမ်းလုပ်ငန်းရှိသည်။

သစ်တောထွက်ပစ္စည်းလုပ်ငန်း

ဒေသတွင်းခြောက်သွေ့တောများမှ ဒေသသုံး(ထင်း)နှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသည်။

တွင်းထွက်ပစ္စည်းလုပ်ငန်း

ဒေသအနောက်တောင်ပိုင်းရှိလက်ပံတောင်းတောင်မှ ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်း ရှိသည်။

စက်မှုလက်မှုလုပ်ငန်း

ဒေသထွက်စိုက်ပျိုးရေးထွက်ကုန်များပေါ်အခြေခံ၍ဆီစက်၊ ပဲခွဲစက်၊ ဂျုံစက်၊ ဝါကြိတ်စက်၊ ရက်ကန်းစက်၊ စောင်စက်များနှင့် ဒေသပတ်ဝန်းကျင်မှ ထွက်ရှိသည့်သစ်များကို ခွဲစိတ်သည့် သစ်စက်များ၊ ပရိဘောဂလုပ်ငန်းများနှင့် အထပ်သားစက်ရုံရှိသည်။

ပို့ဆောင်ဆက်သွယ်ရေး

ပုံတွင်တွေ့ရသည့် မုံရွာမြို့သည် ကားလမ်း၊ ရထားလမ်း၊ ရေလမ်းနှင့် လေယာဉ်လမ်းများ စုဆုံရာမြို့ ဖြစ်သည်။ စစ်ကိုင်းမှ ဘုတလင်သို့သွားသောကားလမ်း၊ ရထားလမ်းတို့ မုံရွာမြို့ကို ဖြတ်သန်းသွားသည်။ မုံရွာမှ အရှေ့ဘက်ရှိ သာစည်နှင့် အရာတော်သို့ ကားလမ်းရှိသည်။ အနောက်ဘက်ရှိ ချင်းတွင်းမြစ်ကို ကူးတို့ဖြင့်ကူးပြီး ညောင်ပင်ကြီးမှတစ်ဆင့် ယင်းမာပင်နှင့် ဆားလင်းကြီးသို့ ကားလမ်းရှိသည်။ ဒေသတွင်းကျေးရွာများသို့ လှည်းလမ်း၊ လူသွားလမ်းများနှင့် ဆက်သွယ်ထားသည်။

ကုန်သွယ်ရေး

ဒေသမှထွက်ရှိသော စိုက်ပျိုးထုတ်ကုန်များကို ပြည်တွင်းရှိ အခြားဒေသများသို့ တင်ပို့ရောင်းချပြီး ဒေသအတွက်လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်အဝတ်အထည်၊ ဆေးဝါးများကို ပြန်လည်တင်သွင်းသည်။

ဤအချက်အလက်များသည် ဒေသတစ်ခု၏ ဒေသန္တရပထဝီဝင်အနေဖြင့် ခြုံငုံသုံးသပ်ပေးထားခြင်းဖြစ်သည်။ စာမေးပွဲတွင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းပထဝီဝင်စသဖြင့် ခွဲမေးတတ်သည့်အတွက် မေးခွန်းကို သတိပြုပြီး ဖြေဆိုကြရန်နှင့် လက်တွေ့ပထဝီဝင်အပိုင်းသည် တိကျစွာဖြေဆိုနိုင်မည်ဆိုပါက အမှတ်ပြည့်ရနိုင်သည့်အတွက် သေချာစွာလေ့ကျင့်ထားသင့်ပါသည်ဟု အကြံပြုလိုက်ပါတယ်။

အမှာစကား ပြောကြား

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တောင်ကြီးမြို့ရှိ ပြည်နယ်သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိမိတတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာ အတွေ့အကြုံများဖြင့် ပြည်သူအပေါ် စိတ်စေတနာကောင်းထား ဝန်ထမ်းများအနေဖြင့် အစိုးရသစ်လက်ထက်တွင် စိတ်သစ်လူသစ်ဖြင့် ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့ တွေးခေါ် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၆ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်သမဝါယမဦးစီးဌာန သမဝါယမသင်တန်းကျောင်း (တောင်ကြီး)၊ အခြေခံရက်ကန်းသင်တန်းကျောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ပျားလုပ်ငန်းဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမ အသင်းစုချုပ်၊ အသင်းစုနှင့် အသင်းများမှ ဥက္ကဋ္ဌနှင့် အသင်းသားများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များအားတွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်သည် တည်ငြိမ်သောနိုင်ငံရေး၊ တောင့်တင်းသော စီးပွားရေး၊ ခိုင်မာသော လူမှုရေးစနစ်များ ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်း၊ အစုအဖွဲ့များကို စည်းရုံးဖွဲ့စည်းခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ပေးခြင်းများ ဆောင်ရွက်နေသကဲ့သို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နည်းပညာ၊ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ထိထိမိမိအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်တစ်ခုချင်း အကောင်အထည်ဖော် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ☆

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP)/ ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်များ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြထွန်းဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူတို့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ပါတီဗဟိုကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် စဝ်ခေးတိုင်း၊ ပါတီဗဟိုကော်မတီဝင်များဖြစ်သော စဝ်ခင်မင်၊ စဝ်ခွန်ဆိုင်၊ စဝ်ခေးမောဝ်၊ စဝ်ကျော်လှ၊ စဝ်ထင်မိန်း၊ စဝ်လောဝ်ခေး၊ စဝ်နော်လိတ်၊ စဝ်ဆေပိန်ဖတို့သည် ဒေသတွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

အဆိုပါ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမပြုလုပ်မီ ပြည်နယ်အဆင့် ပဏာမအကြို ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရှမ်းပြည်နယ် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ အဖွဲ့ဝင်များဖြစ်သော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း)၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ ပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်များဖြစ်သော **စာမျက်နှာ ၃ ကော်လံ ၅ သို့** ✻

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သောအဖွဲ့နှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် စဝ်ခေးတိုင်း ခေါင်းဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မကွေးအသင်း နိုင်ပွဲစရပြီး ဇေယျာရွှေမြေတို့ မထင်မှတ်ဘဲ နိုင်ပွဲပျောက်

ရန်ကုန် ဇန်နဝါရီ ၂၉

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၄) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ YUSC ကွင်း၊ ပဒုမ္မာကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပသည်။ **(ဝဲပုံ)**

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❍

ကြော်ငြာအချပ်ပို ပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ သင်ခန်းစာကို စာမျက်နှာ ၁၅၊ ၁၆၊ ၁၇ တွင် ဖော်ပြထားပါသည်။